# ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း လုပ်ငန်းစဉ်လက်စွဲ



၂၀၂၀ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း လုပ်ငန်းစဉ်လက်စွဲ



Australian Aid | Canada | DENMARK | UKaid | USAID | IFES

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ အမှာစာ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို လွတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများပြည်သူယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်းကျမှုတို့နှင့်ပြည့်စုံစေရန် စံ (၅) ချက်ဖြင့်ဦးတည်လျက် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲနောင်းပိုင်းကာလ ခွဲခြားသတ်မှတ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းအစ၊ မဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲကျင်းပခြင်း၊ ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်းနှင့် အတည်ပြုကြေညာခြင်းအလယ်၊ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များတင်သွင်းခြင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်းအဆုံး ပါဝင်နေသဖြင့် လုပ်ငန်းသဘော ကျယ်ပြန့်လှပေသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်သည့် ပါတီ၊ ကိုယ်စားလှယ်လောင်း အချင်းချင်း ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် ဖြေရှင်းဆောင်ရွက်ပေးရမည့် နည်းလမ်းများကို လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များမှ ကောက်နုတ်စုစည်း၍ ပြုစုထားခြင်းဖြစ်ပါသည်။ လက်စွဲပါဖော်ပြထားချက်များကို ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ပါဝင် ဆောင်ရွက်နေသူအားလုံးက လိုက်နာဆောင်ရွက်ကြခြင်းအားဖြင့် ရွေးကောက်ပွဲအငြင်းပွားမှုများဖြစ်ပေါ်မှု လျော့နည်းပပျောက်သွားနိုင်မည်ဖြစ်ပြီး ရွေးကောက်ပွဲ စံ (၅)ချက်နှင့်အညီ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံ အထွေထွေရွေးကောက်ပွဲကိုချောမောအောင်မြင်စွာကျင်းပနိုင်ရေးကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏အမှာစာ | |
| အငြင်းပွားမှုအမျိုးအစားများ | |
| အခန်း(၁) မဲစာရင်းထည့်သွင်းခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းနှင့် အယူခံခြင်း | ၁ |
| အခန်း(၂) ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင် ကန့်ကွက်ခြင်းနှင့် အယူခံခြင်း | ၉ |
| အခန်း(၃) မဲဆွယ်စည်းရုံးရေးကာလနှင့် မဲဆွယ်စည်းရုံးရေး ရပ်ဆိုင်းထားသည့်နေ့အတွင်း ပေါ်ပေါက်နိုင်သော အငြင်းပွားမှုများ | ၂၁ |
| အခန်း(၄) ရွေးကောက်ပွဲနေ့တွင် အငြင်းပွားမှုများနှင့် မမှန်မကန် ပြုလုပ်မှု၊ ကျူးလွန်မှု | ၂၅ |
| အခန်း(၅) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်း၍ ကန့်ကွက်လွှာတင်သွင်းခြင်းနှင့် အယူခံဝင်ခြင်း | ၃၃ |
| အခန်း(၆) ရွေးကောက်ပွဲအသုံးစရိတ်ဆိုင်ရာ ကန့်ကွက်ခြင်း | ၄၇ |
| နောက်ဆက်တွဲ - မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်းလုပ်ငန်းစဉ်ဇယား | ၅၃ |

# အငြင်းပွားမှု အမျိုးအစားများ

ရွေးကောက်ပွဲအသုံးစရိတ်များ
သတ်မှတ်ပမာဏထက်ကျော်လွန်ခြင်း၊
ရွေးကောက်ပွဲအသုံးစရိတ် အစီရင်ခံစာ
တင်ပြမှုမရှိခြင်း

မဲဆန္ဒရှင်စာရင်းဆိုင်ရာ အငြင်းပွား
မှုများ – အသက်မပြည့်မီသော
မဲဆန္ဒရှင်၊ နေထိုင်ရာဒေသ စသည်

ရွေးကောက်ပွဲရလဒ်ဆိုင်ရာ
အငြင်းပွားမှုများ



ရွေးကောက်ပွဲနေ့ –
တစ်ကြိမ်ထက်ပို၍မဲပေးခြင်း၊
မမှန်မကန်မဲရေတွက်ခြင်း၊
လေ့လာခွင့်အား ပိတ်ပင်ခြင်း
စသည့်အခြားကိစ္စရပ်များ

ကိုယ်စားလှယ်လောင်း
အမည်စာရင်းတင်သွင်းခြင်းဆိုင်ရာ
အငြင်းပွားမှုများ –
အသက်မပြည့်မီခြင်း၊
အမြဲနေထိုင်သူမဟုတ်ခြင်း၊
နိုင်ငံခြားသား၊ ပြည်သူ့ဝန်ထမ်း စသည်

ရွေးကောက်ပွဲမတိုင်မီကာလ –
တရားမဝင်မဲဆွယ်စည်းရုံးခြင်း၊
ပုတ်ခတ်ပြောဆိုစည်းရုံးခြင်း၊
မဲဆန္ဒရှင်များအားခြောက်လှန့်ခြင်း၊
ရွေးကောက်ပွဲလေ့လာသူအဖြစ်
အသိအမှတ်ပြုခြင်းဆိုင်ရာများ

# ၂၀၁၅ ခုနှစ်မှစ၍ တိုးတက်မှုအခြေအနေများ



ရွေးကောက်ပွဲအကြို ပြန်လည်သုံးသပ်မှု ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များကို ချမှတ်ခဲ့သည်။ ယင်းတွင် အောက်ပါ တို့ ပါဝင်သည် -

- ရွေးကောက်ပွဲခုံအဖွဲ့၏ ဖွဲ့စည်းပုံကို တိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်း၊
- သတ်မှတ်ထားသည့် ရွေးကောက်ပွဲခုံအဖွဲ့ဝင်များအတွက် ရွေးချယ်မှုစံသတ်မှတ်ချက်များ၊
- ရွေးကောက်ပွဲခုံအဖွဲ့ကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တစ်ဦးနှင့်ဥပဒေ ကျွမ်းကျင်သူ နှစ်ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်း၊
- ရွေးကောက်ပွဲခုံရုံး၌ လေ့လာသုံးသပ်သူများ၏ထိရောက်စွာပါဝင်မှုနှင့်အများပြည်သူ တက်ရောက်မှုမြင့်တက်လာခြင်း၊
- တိုင်ကြားချက်များကို မှတ်တမ်းတင်ခြင်းနှင့် သိမ်းဆည်းခြင်းလုပ်ငန်းစဉ်ကို စံသတ်မှတ် ထားသော ပုံစံဖြင့် အဆင့်မြှင့်တင်ပြီး စနစ်တကျ ပြုလုပ်ခဲ့ခြင်း၊
- ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများအား မှတ်တမ်းတင်လေ့လာခြင်းစနစ် (**Case Tracking System – CTS**) အတွင်းသို့ ကန့်ကွက်လွှာအမှုများ၊ အယူခံမှုများအား မှတ်တမ်းတင် စာရင်းသွင်းခြင်းနှင့် အစီရင်ခံစာများ ပြုစုခြင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း၊
- ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဝက်ဘ်ဆိုက် ပေါ်တွင် လွှင့်တင်ခဲ့ခြင်း၊
- ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ အရပ်ဘက်လူမှုအဖွဲ့အစည်း များအား ရှင်းလင်းဆွေးနွေးခဲ့ခြင်း၊
- ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီလမ်းညွှန်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အတည်ပြုခဲ့ခြင်း။
- ကောလာဟလသည် တိုင်ကြားရန်အခြေခံမဟုတ်ကြောင်း ပိုမိုနားလည် သဘောပေါက်လာပြီး နားလည်မှု လွဲမှားခြင်း သို့မဟုတ် နစ်နာမှုများကို မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ဗဟိုစေ့စပ် ညှိနှိုင်းရေး ကော်မတီများသို့ လွှဲပြောင်းနိုင်သည်။

# အခန်း(၁)

## မဲစာရင်းထည့်သွင်းခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းနှင့် အယူခံခြင်း

## မဲစာရင်းထည့်သွင်းခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းနှင့် အယူခံခြင်း

| မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုခြင်း ဟူသည်မှာ အဘယ်နည်း။ | ကန့်ကွက်ခြင်းဟူသည်မှာ အဘယ်နည်း။ | ပြင်ဆင်ပေးရန်တောင်းဆိုခြင်း ဟူသည်မှာ အဘယ်နည်း။ |
|---|---|---|
| မဲဆန္ဒရှင်တစ်ဦးသည် မဲစာရင်းတွင် ပါဝင်သင့်၍ ထည့်သွင်းပေးရန် ရွေးကောက်ပွဲဥပဒေများနှင့် နည်းဥပဒေများ အရ ပုံစံ (၃) ဖြင့် လည်းကောင်း၊ ပုံစံ (၃-က) ဖြင့် လည်းကောင်း တောင်းဆိုချက် ဖြစ်သည်။ | မဲဆန္ဒရှင်တစ်ဦး၏အမည် သို့မဟုတ် အချက်အလက်သည် မဲစာရင်းတွင် မပါသင့်ကြောင်း ရွေးကောက်ပွဲ ဥပဒေများနှင့် နည်းဥပဒေများအရ ပုံစံ (၄) ဖြင့် ကန့်ကွက်ချက် ဖြစ်သည်။ | မဲစာရင်းပါ မဲဆန္ဒရှင်တစ်ဦး သို့မဟုတ် ၎င်း၏ကိုယ်ရေး အချက်အလက်များကို ပြင်ဆင် ပေးရန် ရွေးကောက်ပွဲ ဥပဒေများ နှင့် နည်းဥပဒေများအရ ပုံစံ (၄-ဂ) ဖြင့် ပြင်ဆင်ပေးရန် တောင်းဆိုချက် ဖြစ်သည်။ |

### တောင်းဆိုလွှာ၊ ကန့်ကွက်လွှာ၊ ပြင်ဆင်လွှာကို တင်သွင်းခြင်း၊ တောင်းဆိုခြင်း

| တောင်းဆိုခြင်း | ကန့်ကွက်ခြင်းနှင့် ပြင်ဆင်ခြင်း |
|---|---|
| မဲပေးပိုင်ခွင့်ရှိသူမည်သူမဆို သက်ဆိုင်ရာ မဲစာရင်း တွင် မိမိ၏အမည် ထည့်သွင်းရန် တောင်းဆိုနိုင်သည်။ ကိုယ်စား တောင်းဆိုပေးရန်စာဖြင့်တရား ဝင်လွှဲအပ်ခြင်းခံရသူ တစ်ဦး ကလည်း တောင်းဆို နိုင်သည်။ | တူညီသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မဲစာရင်းမှ မဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို ပြင်ဆင် လွှာ/ကန့်ကွက်လွှာ တင်နိုင်သည်။ တင်သွင်းသူ သည် မိမိပါဝင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု၏ မဲစာရင်းတွင် ပါဝင်သူကိုသာ ကန့်ကွက်/ ပြင်ဆင်ရန် တောင်းဆိုနိုင်သည်။ |

တောင်းဆိုလွှာ/ကန့်ကွက်လွှာ/ ပြင်ဆင်လွှာကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံတွင် တင်ပြရမည်။

တောင်းဆိုလွှာ/ကန့်ကွက်လွှာ/ပြင်ဆင်လွှာကို မဲစာရင်းကြေညာပြီး (မဲစာရင်း စတင်ကပ်သည့် နေ့မှ) (၁၄) ရက်အတွင်း တင်ပြရမည်။ ဤနောက်ဆုံးသတ်မှတ်ရက်ထက် နောက်ကျသော တောင်းဆို/ ကန့်ကွက်/ ပြင်ဆင်လွှာကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲက လက်ခံ မည်မဟုတ်ပေ။

## တောင်းဆိုလွှာ၊ ကန့်ကွက်လွှာ၊ ပြင်ဆင်လွှာတင်သွင်းရန် အခကြေးငွေ



တောင်းဆို/ ကန့်ကွက်/ ပြင်ဆင်/ အယူခံဝင်ခြင်းကိစ္စများနှင့်ပတ်သက်၍ မည်သည့်အခကြေးငွေမှ ပေးရန်မလိုပါ။

## လျှောက်လွှာပုံစံများ

မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ (၃)၊ တောင်းဆိုလွှာ ပုံစံ (၃-က)၊ မဲစာရင်းနှင့်စပ်လျဉ်းသော ကန့်ကွက်လွှာပုံစံ (၄)၊ မဲစာရင်းနှင့်စပ်လျဉ်းသော ပြင်ဆင်လွှာပုံစံ (၄-ဂ) တို့ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဝက်ဘ်ဆိုက်မှ လည်းကောင်း ရယူနိုင်သည်။ တောင်းဆို/ ကန့်ကွက်/ ပြင်ဆင်ခြင်းကို နည်းဥပဒေပါ သတ်မှတ်ပုံစံအတိုင်း လျှောက်လွှာစာရွက်အလွတ်တွင် ပြည့်စုံ အောင်ရေးသား ထည့်သွင်း၍လည်း လျှောက်ထားနိုင်သည်။



ခိုင်လုံပြည့်စုံသော တောင်းဆိုလွှာ/ ကန့်ကွက်လွှာ/ ပြင်ဆင်လွှာတွင် အောက်ပါအချက်များ ပါဝင်မည်ဖြစ်သည် -

- လျှောက်ထားသူ၏အမည် နှင့်လိပ်စာ (ပုံစံပါ လိုအပ်သည့်အချက်များထည့်ရန်)၊
- သက်ဆိုင်သည့်အချက်အလက်များဖော်ပြချက်၊
- ဖော်ပြပါရှိသည့် အချက်အလက်များကို အထောက်အကူဖြစ်စေမည့် သက်သေနှင့် စာရွက်စာတမ်းမိတ္တူများ၊
- တောင်းဆိုချက် - မဲစာရင်းတွင် အမည်၊ အချက်အလက်များဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊
- လျှောက်ထားသူ၏ ဖော်ပြချက်များမှန်ကန်ကြောင်း ဝန်ခံကတိပြုချက်နှင့် လက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ၊

လျှောက်ထားသူသည် ပုံစံပါအချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖြည့်သွင်းရမည်။ အချက်အလက်မပြည့်စုံပါက လက်ခံမည် မဟုတ်ပါ။

တောင်းဆိုလွှာ/ကန့်ကွက်လွှာ/ ပြင်ဆင်လွှာရရှိလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် တောင်းဆို/ကန့်ကွက်/ပြင်ဆင်ရန်တောင်းဆိုခံရသည့်မဲဆန္ဒရှင်ကိုအမြန်ဆုံးအကြောင်းကြားပြီး ၎င်းမှ ထုချေရှင်းလင်းနိုင်ပါသည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည် လာရောက်လျှောက်လဲရန် သက်ဆိုင်ရာ မဲဆန္ဒရှင်/ ပုဂ္ဂိုလ်ကို ခေါ်နိုင်သည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ဥပဒေအရ လိုအပ်ချက်များကို စစ်ဆေးပြီး -

- အမည်တစ်ခုကိုမဲစာရင်းတွင် ထည့်သွင်းရန် သင့်/မသင့်၊
- အမည်တစ်ခုကို မဲစာရင်းမှ ပယ်ဖျက်ရန် သင့်/မသင့်၊
- မဲဆန္ဒရှင်တစ်ဦးနှင့် သက်ဆိုင်သည့် အချက်အလက်ကိုပြင်ဆင်ရန် သင့်/မသင့်ကို ပုံစံများ ရရှိသည့်နေ့မှ (၇) ရက် အတွင်း ဆုံးဖြတ်ပြီး အကြောင်းပြန်ကြားပေးမည်။

### အထောက်အထားပြရန် တာဝန်နှင့် သက်သေစံနှုန်းများ

တောင်းဆို/ကန့်ကွက်/ပြင်ဆင်ရန် လျှောက်ထားသူသည် သက်ဆိုင်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ သက်သေအထောက်အထားပြရန် တာဝန်ရှိသည်။ ခိုင်လုံသည့် သက်သေ အထောက်အထားများအပေါ် မူတည်ပြီး တောင်းဆိုချက်သည် မှန်ကန်မှုရှိကြောင်း သို့မဟုတ် မှန်ကန်မှု မရှိကြောင်းကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ဆုံးဖြတ်မည် ဖြစ်သည်။

### သက်သေအမျိုးအစား

သက်ဆိုင်သူများသည် ပြင်ဆင်/ ဖြည့်စွက်/ ကန့်ကွက်ရန် တောင်းဆိုမှုအပေါ်မူတည်၍ သက်သေ ထွက်ဆိုချက်များ၊ အထောက်အထား များ၊ နိုင်ငံသားစိစစ်ရေးကတ်၊ နိုင်ငံကူးလက်မှတ် မိတ္တူ၊ ရပ်ကွက်/ကျေးရွာအုပ်စု ထောက်ခံစာ၊ အိမ်ထောင်စုစာရင်း၊ တရားရုံးထောက်ခံစာ စသည် တို့ကို တင်သွင်းနိုင်သည်။ စုံစမ်းစစ်ဆေးခြင်းကို ဥပဒေနှင့်အညီ မှန်ကန် မြန်ဆန်မျှတစွာ ဆောင်ရွက် မည်။ အချက်အလက် ထပ်မံလိုအပ်လျှင် ထပ်ဆောင်းသက်သေနှင့် စာရွက်စာတမ်းများကို သတ်မှတ် ချိန်အတွင်း ပါဝင်သည့် သူများက တင်သွင်းရမည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကလည်း စစ်ဆေး နေစဉ်အတွင်း ၎င်းကိုယ်တိုင် အချက် အလက်များကို စုဆောင်းနိုင်သည်။

### အများပြည်သူရှေ့တွင်ကြားနာခြင်း

ကြားနာရာတွင်သက်ဆိုင်သူများက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ အဆိုပြုနိုင်၊ ချေပနိုင်၊ သက်သေတင်ပြနိုင်၊ ထုချေဖြေရှင်းနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။ သက်ဆိုင်သူများသည် အထောက်အထားအဖြစ် မျက်မြင်သက်သေ များကို ခေါ်ဆောင်လာနိုင်သည်။ မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲလေ့လာသူများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အများ ပြည်သူများ ကို ကြားနာခြင်း သို့လာရောက်ရန်ခွင့်ပြုသည်။



| မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃) | မဲစာရင်းနှင့်စပ်လျဉ်းသော ကန့်ကွက်လွှာ ပုံစံ (၄) |
|---|---|
| ကြားနာခြင်းကို လျှောက်ထားသူများနှင့်အတူ ပြုလုပ်မည်။ | မဲစာရင်းနှင့်စပ်လျဉ်းသော ပြင်ဆင်လွှာ ပုံစံ (၄ - က) ကြားနာခြင်းတွင် ကန့်ကွက်သူနှင့် ကန့်ကွက်ခံရသူများ ပါဝင်မည်။ |

**ဖြေရှင်းနည်းများ**

အကယ်၍ လျှောက်ထားသူ၏ တင်ပြချက်သည် မှန်ကန်ကြောင်း ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက တွေ့ရှိလျှင် -

| မဲစာရင်းတွင် အမည်ထည့်သွင်း ပေးရန် တောင်းဆိုလွှာ ပုံစံ (၃) | မဲစာရင်းနှင့်စပ်လျဉ်းသောကန့်ကွက် လွှာ ပုံစံ (၄) | မဲစာရင်းနှင့်စပ်လျဉ်းသော ပြင်ဆင်လွှာ ပုံစံ (၄ - က) |
|---|---|---|
| မဲဆန္ဒရှင်အမည်ကို မဲစာရင်းတွင် ထည့်သွင်းမည်။ | မဲဆန္ဒရှင်အမည်ကို မဲစာရင်းမှ ပယ်ဖျက်မည်။ | မဲဆန္ဒရှင်တစ်ဦး၏ အချက် အလက်အမှားကို ပြင်ဆင်မည်။ |

လျှောက်ထားသူများ၏ တင်ပြချက်သည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိလျှင် သို့မဟုတ် ခိုင်လုံသောသက်သေ အထောက် အထားများအား တင်ပြနိုင်ခြင်း မရှိလျှင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် -

| မဲစာရင်းတွင် အမည်ထည့်သွင်း ပေးရန် တောင်းဆိုလွှာ ပုံစံ(၃) | မဲစာရင်းနှင့်စပ်လျဉ်းသောကန့်ကွက် လွှာ ပုံစံ (၄) | မဲစာရင်းနှင့်စပ်လျဉ်းသော ပြင်ဆင်လွှာ ပုံစံ (၄ - က) |
|---|---|---|
| မဲဆန္ဒရှင်အမည်ကို မဲစာရင်းတွင် ထည့်သွင်းမည် မဟုတ်ပါ။ | မဲဆန္ဒရှင်အမည်ကို မဲစာရင်းမှ မပယ်ဖျက်ပါ။ | မဲဆန္ဒရှင်တစ်ဦး၏ ရှိပြီးသား အချက် အလက်ကို မပြောင်းလဲပါ။ |

### ဆုံးဖြတ်ချက်ချခြင်း

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည် လျှောက်လွှာတင်ပြီး (၇) ရက်အတွင်း ဆုံးဖြတ်ချက်ချပြီး သက်ဆိုင်သူများကို အကြောင်းကြားမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည် လျှောက်လွှာတင်သွင်းသည့် နေ့မှ (၇) ရက် အတွင်း လက်ခံ/ငြင်းပယ်ခြင်းကို အကြောင်းကြားရမည်။ ပွင့်လင်းမြင်သာမှုရှိစေရန် ဆုံးဖြတ်ချက်ကို ရုံးတွင် ကြေညာထားမည်။



### အယူခံဝင်ခြင်း

### အယူခံတင်သွင်းရန် နေရာနှင့် အချိန်

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံ အယူခံဝင်နိုင်သည်။ ဆုံးဖြတ်ချက်ကို လက်ခံရရှိပြီး (၃)ရက်အတွင်း အယူခံကို တင်သွင်းရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူ သည် အကြောင်းကြားစာရရှိသည့်နေ့မှ (၃) ရက်အတွင်း မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံ အယူခံဝင်နိုင်သည်။



အယူခံခြင်းသည် အောက်ပါတို့ကြောင့်ဖြစ်နိုင်သည် -

*မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ (၃)*။ မဲစာရင်းတွင် အမည် ထည့်ရန် တောင်းဆိုမှုကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ငြင်းပယ် ရန် ဆုံးဖြတ်လျှင်၊ *မဲစာရင်းနှင့် စပ်လျဉ်းသော ကန့်ကွက်လွှာပုံစံ (၄)*။ မဲစာရင်းမှ အမည်တစ်ခုပယ်ဖျက်ရန် သို့မဟုတ် ထည့်သွင်းထားသော အချက်အလက်ကို ကန့်ကွက်ရန် တောင်းဆိုမှုကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ငြင်းပယ်ရန်ဆုံးဖြတ်လျှင်၊ မဲစာရင်းနှင့် စပ်လျဉ်းသောပြင်ဆင်လွှာပုံစံ (၄ - က)။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် မဲစာရင်းမှ အမည် သို့မဟုတ် အချက်အလက်တစ်ခုကို ပြင်ဆင်ရန် တောင်းဆိုမှုကို မပြင်ဆင်ရန် ဆုံးဖြတ် လျှင် အယူခံတွင် အောက်ပါတို့ ပါဝင်ရမည် -

- လျှောက်ထားသူ၏ အမည်နှင့် လိပ်စာ၊
- တောင်းဆိုလွှာပုံစံ (၃) သို့မဟုတ် ကန့်ကွက်လွှာပုံစံ (၄) သို့မဟုတ် ပြင်ဆင်လွှာပုံစံ (၄ - က) မိတ္တူ၊
- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက် မိတ္တူ၊
- အယူခံခြင်းကို အထောက်အကူဖြစ်စေမည့် သက်သေနှင့် စာရွက်စာတမ်းမိတ္တူ၊
- လျှောက်ထားသူ၏ ဖော်ပြချက်များမှန်ကန်ကြောင်း ဝန်ခံကတိပြုချက်နှင့် လက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ။

### အယူခံလုပ်ငန်းစဉ်

အယူခံလွှာကို လက်ခံရရှိလျှင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသည် အမှုတွဲတစ်စုဖွင့်ကာ လျှောက်ထားသူတင်ပြသော လိုအပ် သည့် စာရွက်စာတမ်းများကို စစ်ဆေးမည်။ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသည် လျှောက်ထားခံရသူကို အမြန်ဆုံး အကြောင်းကြား ကာ ပြန်လည်ဖြေရှင်းနိုင်ရန် အခွင့်အရေးပေးမည်။ စုံစမ်းစစ်ဆေးခြင်းကိုဥပဒေနှင့်အညီမှန်ကန်မြန်ဆန်မျှတစွာ ဆောင်ရွက်မည်၊ ကြားနာရာတွင် သက်ဆိုင်သူများက မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ အဆိုပြုနိုင်၊ ချေပနိုင်၊ သက်သေတင်နိုင်၊ ထုချေဖြေရှင်းနိုင်ရန် စီစဉ်ဆောင်ရွက်မည်။ မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲလေ့လာသူများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် အများပြည်သူများကို ကြားနာခြင်းသို့ လာရောက်နိုင်ရန်ခွင့် ပြုသည်။



### ဆုံးဖြတ်ချက်ချခြင်း

မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ဆောလျင်စွာ ဆုံးဖြတ်ပြီး ၎င်း၏ဆုံးဖြတ်ချက်ကို အယူခံဝင်သူနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ပေးပို့မည်။ ဆုံးဖြတ်ချက်များကိုပွင့်လင်းမြင်သာမှု ရှိစေရန် ကြေညာထားမည်ဖြစ်ကာ လိုအပ်ပါက မိတ္တူကူးယူနိုင်မည်။ အယူခံဝင်ခြင်း၊ ဆုံးဖြတ်ချက် ချခြင်း ကိစ္စများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို မှတ်တမ်းများ ထားရှိမည်။ တိုင်ကြားသည့်ပုံစံအရေအတွက်၊ ငြင်းပယ်သည့် အရေအတွက်နှင့် လက်ခံသည့် အရေအတွက်များကို မှတ်တမ်းပြုစုထားသင့် ပါသည်။



# အခန်း(၂)

## ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင် ကန့်ကွက်ခြင်းနှင့် အယူခံခြင်း

## ကန့်ကွက်ခြင်း

လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် ဥပဒေတွင်ဖော်ပြထားသော အရည်အချင်းသတ်မှတ် ချက်များနှင့်မပြည့်မီသူ သို့မဟုတ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူ ဖြစ်ကြောင်း အဆိုပြုခြင်း ဖြစ်သည်။



## ကန့်ကွက်လွှာတင်သွင်းခြင်း

တူညီသော မဲဆန္ဒနယ်မြေမှ ယှဉ်ပြိုင်အရွေးခံရန်စာရင်းတင်သွင်းထားသည့်ကိုယ်စားလှယ်လောင်းက ကန့်ကွက်လွှာတင်သွင်းနိုင်သည်။

## ကန့်ကွက်လွှာတင်သွင်းရန် နေရာနှင့် အချိန်

အမည်စာရင်းစိစစ်သည့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံတွင် ကန့်ကွက်လွှာကို တင်ရမည်။

တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်ဖြစ်ပါက အမည်စာရင်းစိစစ်သည့်တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကန့်ကွက်လွှာကို တင်သွင်း ရမည်။



ကန့်ကွက်လွှာကို ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာစိစစ်ရန် သတ်မှတ်ထားသောနေ့ရက်၌ တင်သွင်းရပါမည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည်ကန့်ကွက်လွှာကို ၎င်းကာလကျော်လွန် သွားလျှင် လက်ခံမည်မဟုတ်ပါ။

သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ပုံစံ (၅)၊ ပုံစံ (၅ - က) နှင့် (၆ - က) ကိုအသုံးပြု၍ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကိုစိစစ်မည့် အချိန်နှင့် နေရာကို ကြိုတင်ကြေညာမည်။

လုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာမှုရှိစေရန် အောက်ပါပုဂ္ဂိုလ်များသည် ကိုယ်စားလှယ်လောင်း အမည်စာရင်း စိစစ်မည့်နေ့တွင် တက်ရောက်နိုင်သည် -

- လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းမှ စာဖြင့် လွှဲအပ်ထားသူ၊
- ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ ယင်းအား ကူညီရန် တာဝန်ပေးအပ်ထားသည့် ပုဂ္ဂိုလ်၊
- သက်ဆိုင်ရာမဲဆန္ဒနယ်မြေအတွင်းမှ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များ။

**ကန့်ကွက်လွှာတင်သွင်းရန် အခကြေးငွေ**

ကန့်ကွက်ခြင်းအတွက် အခကြေးငွေ သို့မဟုတ် မည်သည့်အခကြေးငွေမှ ပေးရန် မလိုပါ။

## ကန့်ကွက်လွှာတင်သွင်းရန် လိုအပ်ချက်များ

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကန့်ကွက်လွှာပုံစံများကို ရရှိနိုင်ပါသည်။ လိုအပ်သော သတင်းအချက်အလက်များအားလုံးကို လွှတ်တော်ကိုယ်စားလှယ်လောင်းမှ တင်သွင်းနိုင်ရန် ကန့်ကွက် လွှာပုံစံများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသည်။ ကန့်ကွက်သူသည် အခြားလိုအပ်သည့် စာရွက်စာတမ်းများကို ပုံစံနှင့်ပူးတွဲကာ တင်သွင်းနိုင်ပါသည်။

ခိုင်လုံသော ကန့်ကွက်လွှာတစ်စောင်တွင် အောက်ပါအချက်များ ပါဝင်ရမည် -

- လျှောက်ထားသူ၏ အမည်နှင့် ဆက်သွယ်ရန်လိပ်စာ၊
- ကန့်ကွက်ခြင်းအကြောင်းအရာ၊
- ကန့်ကွက်ခြင်းနှင့် သက်ဆိုင်သည့်အချက်အလက်များ၊
- ခိုင်မာသောသက်သေနှင့် ဖော်ပြထားသည့် အချက်အလက်များကို အထောက်အပံ့ဖြစ်စေမည့် စာရွက်စာတမ်းများ၊
- လျှောက်ထားသူ၏ ဖော်ပြချက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုချက်နှင့်လက်မှတ်။

ကန့်ကွက်သူသည် ကန့်ကွက်လွှာကိုဖြည့်ရန် ရွေးကောက်ပွဲတာဝန်ရှိသူများ သို့မဟုတ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုထားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများစသည်ကို အကူအညီ တောင်းနိုင်သည်။ ကန့်ကွက်သူကို ခြောက်လှန့်ခြင်း သို့မဟုတ် ဖိအားပေးခြင်း မဖြစ်ပေါ်စေရန် ရွေးကောက်ပွဲ တာဝန်ရှိသူများက သတိပြုဆောင်ရွက်ရမည်။

အခြားလိုအပ်သော စာရွက်စာတမ်းများ ဥပမာ၊ တရားရုံးအမိန့်မိတ္တူ သို့မဟုတ် ဆုံးဖြတ်ချက် မိတ္တူ သို့မဟုတ် ကန့်ကွက်မှုကို အထောက် အပံ့ဖြစ်စေမည့် သက်ဆိုင်ရာဌာန/အဖွဲ့က တရားဝင် ထုတ်ပေး သော စာတို့ကို တင်သွင်းရန် လိုအပ်ပါသည်။

## ကန့်ကွက်လွှာတင်သွင်းရခြင်း၏ အကြောင်းရင်း (နမူနာအချက်အလက်များ)

- » သတ်မှတ်ထားသောအသက် မပြည့်မီခြင်း။
- » နိုင်ငံအတွင်းတစ်ဆက်တည်းနေထိုင်မှုသည်(၁၀) နှစ်အောက် လျော့နည်းခြင်း၊
- » မွေးဖွားစဉ်က မိဘတစ်ပါးပါး သို့မဟုတ် နှစ်ပါးလုံးသည် နိုင်ငံသား မဟုတ်ခြင်း၊
- » ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပြဋ္ဌာန်းချက်ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိ ကြောင်း ကြေညာခြင်းခံရ၍ သတ်မှတ်ကာလကုန်ဆုံးခြင်း မရှိကြသေးသူများသည်ကိုယ်စားလှယ်လောင်း အဖြစ်တင်သွင်းခွင့်မရှိပါ။
- » ယခင်က ကိုယ်စားလှယ်လောင်း အရည်အချင်းပျက်ယွင်းမှု သို့မဟုတ် တရားမဲ့ပြုကျင့်မှု သို့မဟုတ် ရွေးကောက်ပွဲ ဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်မှုကြောင့် လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသည့် ကာလ ကုန်ဆုံး ခြင်း မရှိသေးသူ၊
- » စိတ် ပေါ့ သွ ပ် သူ ဟု သက် ဆို င် ရာ ဥ ပ ဒေ အ ရ သတ်မှတ် ခြင်းခံရသူ၊
- » လူမွဲအဖြစ်သက်ဆိုင်ရာတရားရုံး၏ ကြေညာခြင်းခံရသူ၊
- » နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ်ဩဇာခံယူသူ သို့မဟုတ်နိုင်ငံခြားအစိုးရ၏လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏နိုင်ငံသားဖြစ်သူ။
- » နိုင်ငံခြားတိုင်းပြည်တစ်ခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ အထောက်အပံ့ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ရယူသုံးစွဲသူ သို့မဟုတ်ယင်းသို့အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်း ဝင်ဖြစ်သူ၊
- » နိုင်ငံရေးအတွက်ဘာသာရေးကို အကြောင်းပြ၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန် သော် လည်းကောင်းကြေညာသူ၊ လှုံ့ဆော် သူ၊ ဟောပြောသူ၊
- » သာသနာ့ဝန်ထမ်း၊
- » နိုင်ငံ့ဝန်ထမ်း၊
- » နိုင်ငံပိုင်ပစ္စည်းများကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ရယူသုံးစွဲသူ (ခြွင်းချက်ရှိသည်။ ဥပဒေပုဒ်မ ၁၀ (ဎ))၊
- » ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ။
- » မတရားအသင်းအဖြစ်ကြေညာခြင်းခံထားရသော အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သည် ဟု နိုင်ငံတော်က သတ်မှတ်ထားသော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်းများနှင့် ဆက်သွယ်သူ။

**စုံစမ်းစစ်ဆေးခြင်း**

သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အမှုတွဲဖွင့်လှစ်၍ကန့်ကွက်လွှာ တစ်စချင်းစီအလိုက် အမှုတွဲအမှတ်စဉ် သတ်မှတ်ရမည်။ တင်သွင်းလာသော ကန့်ကွက်လွှာနှင့် ပူးတွဲစာရွက်စာတမ်းများကို ထည့်သွင်းစဉ်းစားကာကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကို စိစစ်မည်။ စုံစမ်းစစ်ဆေးသူများ သည် အများပြည်သူရှေ့မှောက်တွင် စိစစ်သည့်နေ့မှ (၇) ရက်အတွင်း ကန့်ကွက်သည့်ကိစ္စကို ဘက်လိုက်ခြင်း၊ နှောင့်နှေးခြင်းမရှိဘဲ ဆုံးဖြတ်ချက် ချမှတ်မည်။

သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ကိုယ်စားလှယ်လောင်း အမည် စာရင်း တင်သွင်းလွှာပါ အချက်အလက်များ၊ ကန့်ကွက်လွှာနှင့်အတူ ပူးတွဲတင်သွင်းသော သက်သေအထောက် အထားများ၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲကိုယ်တိုင် စုံစမ်းသိရှိသော သက်ဆိုင်ရာ ကိုယ်စားလှယ်လောင်း နှင့်ပတ်သက်သည့် အချက်အလက် များကို ထည့်သွင်းစဉ်းစားမည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ကန့်ကွက်လွှာ တစ်စောင်ချင်းစီအတွက် အမှုတွဲဖွင့်လှစ်၍ ထိန်းသိမ်းထားရှိမည်။ (အခန်း ၆၊ နည်း ၂၇၊ နည်း ဥပဒေများ)

**ထည့်သွင်းစဉ်းစားနိုင်သည့် သက်သေအမျိုးအစားများ (ဥပမာ)**

- မဲစာရင်းမိတ္တူများ၊
- ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာပါ စာရွက်စာတမ်းများ၊
- ကိုယ်စားလှယ်လောင်းများထံမှ ကြေညာချက်များနှင့် ထုတ်ပြန်ချက်များ၊
- အဖြစ်အပျက်များနှင့်ပတ်သက်၍ ပုဂ္ဂိုလ်ရေးအရ သိရှိသော သက်သေများ၏ကတိ သစ္စာပြု ထွက်ဆိုချက်များ၊
- တရားရုံး၏ အမိန့်မိတ္တူများနှင့်၊
- အခြားသက်သေအထောက်အထားများ။

**အထောက်အထားပြရန်တာဝန်နှင့် သက်သေခံစံနှုန်းများ**

ကန့်ကွက်သူသည် ၎င်း၏ကန့်ကွက်ချက်မှန်ကန်ကြောင်းကို သက်သေအထောက်အထားပြရန် တာဝန်ရှိသည်။

တင်သွင်းသော သက်သေအထောက်အထားများ မှန်ကန်သင့်လျော်မှုရှိ / မရှိကိုလည်း ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက ထည့်သွင်း စဉ်းစားမည်ဖြစ်သည်။ သက်ဆိုင်ရာ အချက်အလက် များ၏ တိကျ၍ လုံလောက်သော အထောက်အထားကို စစ်ဆေးတွေ့ရှိပြီးနောက် ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ သည် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကိုငြင်းပယ်နိုင်သည်ဟု ရွေးကောက်ပွဲ နည်းဥပဒေများတွင် ဖော်ပြထားသည်။

### အများပြည်သူရှေ့တွင်ကြားနာခြင်း

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည်ကန့်ကွက်ခံရသူကိုယ်စားလှယ်လောင်းအား ၎င်းအနေဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အရည်အချင်းပြည့်မီကြောင်းပြသရန် အခွင့်အရေးပေးရမည်။ ကြားနာခြင်းတွင် သက်ဆိုင်သူများ သည် အဆိုပြု နိုင်၊ ချေပနိုင်၊ သက်သေတင် နိုင်၊ ထုချေ ဖြေရှင်းနိုင်သည်။ တင်ပြသည့် မျက်မြင်သက်သေများကိုလည်း ကြားနာနိုင်သည်။



ကြားနာခြင်း၊ စစ်ဆေးခြင်းကို ပြုလုပ်ရာတွင် အများပြည်သူ တက်ရောက် ခွင့်ပေးရမည်။ မဲဆန္ဒရှင်၊ ရွေးကောက်ပွဲလေ့လာသူများ နှင့် ကိုယ်စားလှယ်လောင်း များလည်း တက်ရောက်နိုင်သည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ကြားနာမည့် အချိန်နှင့်နေရာကို ကြေညာမည်။

### ဖြေရှင်းချက်များ

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ကန့်ကွက်ခြင်းနှင့် စပ်လျဉ်းသည့် သက်သေအထောက် အထားများကို စစ်ဆေး ကြားနာပြီးနောက် ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် သတ်မှတ်အရည်အချင်း ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှု ရှိ/မရှိကို ဆုံးဖြတ်မည်။ ဆိုလိုသည်မှာ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာကို လက်ခံ/မခံ ဆုံးဖြတ် မည်။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေများနှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲ နည်းဥပဒေများပါ ရွေးကောက်တင်မြှောက်ခံ ပိုင်ခွင့်ရှိသူများအတွက် သတ်မှတ် ထားသော အရည်အချင်းများအရ ဆုံးဖြတ်မည်ဖြစ်သည်။

အောက်ပါအချက်များကြောင့် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာကို ငြင်းပယ်နိုင်သည် (နည်း ၂၇၊ နည်းဥပဒေများ) -

- အမည်စာရင်းတင်သွင်းလွှာတွင် ဖော်ပြထားချက်များနှင့် မဲစာရင်းပါ အထောက်အထားစာရွက် စာတမ်းများ မကိုက်ညီခြင်း၊
- လိမ်လည်တင်သွင်းသော အမည်စာရင်း တင်သွင်းလွှာဖြစ်ခြင်း၊
- ဥပဒေအရ ကိုယ်စားလှယ်လောင်း အရည်အချင်းနှင့်မကိုက်ညီသူဖြစ်ခြင်း၊
- ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲဝင်ခွင့် အာမခံ ငွေပေးသွင်းရာတွင် လည်းကောင်း နည်းဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

*မှတ်ချက် - အထောက်အထား သို့မဟုတ် လိပ်စာနှင့် ပတ်သက်၍ ပြင်ဆင်နိုင်သော ချို့ယွင်းချက် သို့မဟုတ်မှားယွင်းမှု အနည်းငယ်ရှိသော်လည်း အမည်စာရင်းကို ငြင်းပယ်ခြင်း မဖြစ်စေရပါ။*

အကယ်၍အမည်စာရင်းတင်သွင်းလွှာတွင် ဖော်ပြထားသော ရွေးကောက်ပွဲကိုယ်စားလှယ်သည်အရည်အချင်း မပြည့်မီလျှင် အခြားသူတစ်ဦးကိုရွေးကောက်ပွဲကိုယ်စားလှယ်ခန့်အပ်ရန် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အခွင့်အရေး ပေးရမည်။ (နည်း ၂၈ (ခ)၊ နည်းဥပဒေများ)

## ဆုံးဖြတ်ချက်ချခြင်း

ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသည် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာ ကန့်ကွက်ခြင်းကို ငြင်းပယ်ကြောင်း သို့မဟုတ် ခွင့်ပြုကြောင်း အမှုတွဲတွင် ရေးသားကာ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက လက်မှတ်ရေးထိုးကာ မှတ်တမ်းတင်ရမည်။



## ဆုံးဖြတ်ချက်ချသည့်အချိန်

ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသည် ကန့်ကွက်လွှာတင် သွင်းခြင်း ကိစ္စနှင့် စပ်လျဉ်း၍ စိစစ်သည့် နေ့မှ (၇) ရက်အတွင်း အမြန်ဆုံး ဆုံးဖြတ် ချက်ချမည်။

သတ်မှတ်ရက်အတွင်း အယူခံတင်သွင်းခြင်းမရှိပါက ယင်းဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။



## အသိပေးခြင်းနှင့် အများပြည်သူသိရှိစေခြင်း

သက်ဆိုင်သူများကို ဆုံးဖြတ်ချက်နှင့် အယူခံခွင့်ရှိကြောင်း အသိပေး ကြေညာပြီး အယူခံဝင်လိုသူကို အမိန့်မိတ္တူတစ်စုံအား အခမဲ့ထုတ်ပေးမည်။ အမှုတွဲကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံသို့ အမြန်ဆုံးပေးပို့မည်။ ဆုံးဖြတ်ချက် နှင့်စပ်လျဉ်းသော အစီရင်ခံစာတစ်စောင်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့မည်။ ယင်းဆုံးဖြတ်ချက်ကို အများပြည်သူ သိခွင့်ရှိသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကန့်ကွက်ချက်၊ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အစီရင်ခံတင်ပြမှုအပေါ် မှတ်တမ်းတင်ထားမည်။



## အယူခံဝင်ခြင်း

### အယူခံလွှာတင်သွင်းခြင်း

ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် အယူခံဝင်နိုင်သည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က သတ်မှတ်ထားသည့် အယူခံလွှာပုံစံဖြင့် တင်သွင်းနိုင်သည်။

## အယူခံတင်သွင်းရန် နေရာနှင့်အချိန်

သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ အယူခံ လွှာကို တင်သွင်းရမည်။ အယူခံလွှာကို ဆုံးဖြတ်ချက်ချမှတ်ပြီး (၇) ရက်အတွင်း တင်သွင်းရမည်။



မှတ်ချက်(၁) - တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်လောင်းများအတွက် ဖြစ်လျှင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ အယူခံ တင်သွင်းရမည်။

(၂) - လွှတ်တော် ကိုယ်စားလှယ်လောင်း အားလုံးသည် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းနှင့်ပတ်သက်၍ အယူခံတင်ခွင့်အား အဆင့်တစ်ဆင့်သာ ခွင့်ပြုထားကြောင်း သတိပြုကြစေလိုသည်။

## အယူခံတင်သွင်းရန် အခကြေးငွေ

အယူခံခြင်းနှင့် ကြားနာခြင်းအတွက် အခကြေးငွေ သို့မဟုတ် မည်သည့်အခကြေးငွေမှ ပေးရန် မလိုပါ။

## အယူခံလွှာတင်သွင်းရန်လိုအပ်ချက်များ

အယူခံလွှာတွင် အောက်ပါတို့ ပါဝင်သင့်သည် -



- အယူခံလွှာတင်သွင်းရခြင်း၏ အကြောင်းပြချက်များ၊
- ကန့်ကွက်လွှာပုံစံမိတ္တူ သို့မဟုတ် ကန့်ကွက်လွှာပါဖော်ပြထားချက်များ၊
- ကိုယ်စားလှယ်လောင်းက တင်သွင်းသည့် စာရွက်စာတမ်း/ အထောက်အထားများ၊
- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အမိန့်/ဆုံးဖြတ်ချက်မိတ္တူ၊
- အမည်စာရင်းတင်သွင်းသည့် ပုံစံ (၆) မိတ္တူ။

### စုံစမ်းစစ်ဆေးခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည် အယူခံလွှာကိုလက်ခံရရှိလျှင် အယူခံလွှာကို အမှုတွဲဖွင့်ပြီး အမှုတွဲနှင့် တင်သွင်းသော အထောက်အထားများကို စိစစ်မည်။ အယူခံလွှာ၊ သက်သေ အထောက်အထားများကို စိစစ်ဆုံးဖြတ်ခြင်း၊ အသိပေးခြင်းတို့မှာ အထက်တွင် ဖော်ပြထားသော လုပ်ငန်းစဉ်များအတိုင်း ဖြစ် သည်။



### အများပြည်သူရှေ့တွင်ကြားနာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည် အယူခံလွှာနှင့်ပတ်သက်၍ အများပြည်သူရှေ့တွင် ကြားနာစစ်ဆေးမည် ဖြစ်ပြီး လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ ကြားနာနိုင်ရန် အခွင့်အရေး ပေးရမည်။



### ဆုံးဖြတ်ချက်ချခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့မဟုတ်တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် အယူခံလွှာလက်ခံရရှိပြီး (၇)ရက် အတွင်း ဆုံးဖြတ်မည်။ ဆုံးဖြတ်ချက်ကိုစာဖြင့်ရေးသား မှတ်တမ်းတင်ထားပြီး သက်ဆိုင်သူများကို (၃) ရက်အတွင်းအကြောင်းကြားစာပေးပို့မည်။ တင်ပြထားသော အထောက်အထားများအားလုံးကို စဉ်းစားပြီးနောက် ဆုံးဖြတ်ချက်တွင် အချက်အလက်ပိုင်းနှင့် ဥပဒေကြောင်း ဆိုင်ရာကို ဖော်ပြရမည်။



တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။ တိုင်းရင်းသားလူမျိုး လွှတ်တော် ကိုယ်စားလှယ်လောင်းများအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အကြောင်းကြားခြင်းနှင့် အများပြည်သူသိရှိစေခြင်း



ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ၎င်း၏ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းဆက်သွယ်ပြီး အသိပေးမည်။ အယူခံဝင်သူကို အမိန့်ချမှတ်ပြီး (၃) ရက်အတွင်း အကြောင်းကြားမည်။ အစီရင်ခံစာတစ်စောင်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အမြန်ဆုံးပေးပို့မည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အယူခံခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့နှင့် စပ်လျဉ်း၍ မှတ်တမ်းတင်ထားမည်ဖြစ်ကာ ဝက်ဘ်ဆိုက်တွင်လည်း လွှင့်တင်ထား မည်။

ကိုယ်စားလှယ်လောင်း အမည်စာရင်း စိစစ်ခြင်းလုပ်ငန်းစဉ် ပြီးပါက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း များ၏ အမည်စာရင်းကို ပုံစံ (၁၀)၊ (၁၀ - က) ဖြင့် ကြေညာမည်။ ယင်းကြေညာချက်များကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ကပ်ထားမည်။





# အခန်း(၃)

## မဲဆွယ်စည်းရုံးရေးကာလနှင့် မဲဆွယ်စည်းရုံးရေး ရပ်ဆိုင်းထားသည့်နေ့အတွင်း ပေါ်ပေါက်နိုင်သော အငြင်းပွားမှုများ

## မဲဆွယ်စည်းရုံးရေးကာလနှင့် မဲဆွယ်စည်းရုံးရေးရပ်ဆိုင်းထားသည့်နေ့အတွင်း ပေါ်ပေါက်နိုင်သော အငြင်းပွားမှုများကို ဖြေရှင်းခြင်း

မဲဆွယ်စည်းရုံးရေးကာလနှင့် မဲဆွယ်စည်းရုံးရေး ရပ်ဆိုင်းထားသည့်နေ့အတွင်း ပေါ်ပေါက် နိုင်သော အငြင်းပွားမှုများကို အချိန်မီဖြေရှင်းနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းသည့် စေ့စပ်ညှိနှိုင်းရေးကော်မတီများက သက်ဆိုင်ရာ အငြင်းပွားသူများနှင့် ညှိနှိုင်း ဖြေရှင်း ဆောင်ရွက်ပေး နိုင်သည်။ ဖြေရှင်းဆောင်ရွက်ချက်ကို မှတ်တမ်းတင်၍ တစ်ဆင့်မြင့် စေ့စပ်ညှိနှိုင်းရေး ကော်မတီသို့ တင်ပြရမည်။ မိမိအဆင့်တွင် ညှိနှိုင်းဖြေရှင်း၍မရပါက တစ်ဆင့်မြင့် စေ့စပ်ညှိနှိုင်းရေး ကော်မတီသို့ တင်ပြရမည်။

### အငြင်းပွားမှုများ တင်ပြရမည့် အချိန်နှင့် နေရာ

အငြင်းပွားမှု တစ်ခုပေါ်ပေါက်လျှင် အငြင်းပွားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့က သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့တင်ပြနိုင်သည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီ သို့ပေးပို့၍ ညှိနှိုင်းဆွေးနွေးဖြေရှင်းနိုင်ရန် ဆောင်ရွက်ရမည်။



### အငြင်းပွားမှုတင်ပြလွှာတင်သွင်းရန် အခကြေးငွေ

တင်ပြခြင်းအတွက် အခကြေးငွေ သို့မဟုတ်မည်သည့်အခကြေးငွေမှ ပေးရန်မလိုပါ။



### တင်ပြခြင်းအတွက်ပါဝင်ရန် လိုအပ်သောအချက်များ

တင်ပြလွှာပုံစံ သတ်မှတ်မထားပါ။ သို့သော် တင်ပြမည့်သူသည် တင်ပြသည့် ကျူးလွန်မှုနှင့် စပ်လျဉ်းသော အချက်အလက်များကို ၎င်း အစွမ်းကုန်သိရှိနားလည်ထားသည့်အတိုင်း ထည့်သွင်းရေးသား တိုင်ကြားရမည်။
တင်ပြလွှာတစ်စောင်တွင် အောက်ပါတို့ ပါဝင်ရမည် -

- » တင်ပြသူ၏ အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာ၊
- » တင်ပြမှုနှင့် ပတ်သက်သည့် အရေးကြီးသော အချက်များကို အကျဉ်းချုပ်ဖော်ပြချက်၊
- » အငြင်းပွားသူများ၏ အမည်များ၊ အငြင်းပွားမှုဖြစ်ပွားသည့်အကြောင်းအရာ၊ နေ့စွဲနှင့်နေရာ အပြည့်အစုံ၊
- » ဖော်ပြပါအချက်များ မှန်ကန်ကြောင်းလက်မှတ် သို့မဟုတ် လက်ဗွေ၊
- » ဖော်ပြပါအချက်များကို အထောက်အပံ့ဖြစ်စေမည့် သက်သေနှင့် စာရွက်စာတမ်းမိတ္တူများ။

*မှတ်ချက်* - *ကောလာဟလများ သို့မဟုတ် မည်သူမှန်းမသိရသူများ၏ စိစစ်မှုမပြုနိုင်သော အဆိုများသည် တိုင်ကြားရန် ခိုင်လုံသော အချက်မဟုတ်ပါ။ စွပ်စွဲချက်ကို အထောက်အပံ့ပြုနိုင်ရန် သက်သေတင်ပြရမည်။ ယေဘုယျအားဖြင့်တိုင်ကြားလွှာကို ကိုယ်တိုင်သိရှိသူ သို့မဟုတ် တိုက်ရိုက်ပါဝင် ပတ်သက်သူ တို့မှ တင်သွင်းနိုင်သည်။*
(ရွေးကောက်ပွဲပြစ်မှုဖြစ်ပါက သက်ဆိုင်ရာရဲစခန်းသို့တိုင်ကြားနိုင်သည်။)

# အခန်း(၄)

## ရွေးကောက်ပွဲနေ့တွင် အငြင်းပွားမှုများနှင့် မမှန်မကန်ပြုလုပ်မှု၊ ကျူးလွန်မှု

## ပါဝင်ပတ်သက်သူများ

ရွေးကောက်ပွဲနေ့တွင်တိုင်ကြားမှုများကိုဖြေရှင်းရန် တာဝန်ရှိသူအမျိုးမျိုးရှိပါသည်။ ရွေးကောက် ပွဲနေ့တွင် တည်ငြိမ်မှုရှိစေရန်၊ မဲပေးခြင်းကို လျော်ကန်သင့်မြတ်စွာဆောင်ရွက်စေရန်နှင့် လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နိုင်ရန် မဲရုံမှူးသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးဝန်ထမ်းများသည် အကြမ်းဖက်မှုများဖြေရှင်းရန် ဆောင်ရွက်နိုင်ပြီး မဲရုံဝန်ထမ်းများကို ကူညီနိုင်သည်။

အချို့သောအခြေအနေများတွင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေး ခေါ်ယူမည့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့်လည်း အငြင်းပွားမှု ဖြစ်ပွားနိုင်သည်။

တိုင်ကြားလေ့ရှိသည့် မမှန်မကန်ပြုလုပ်မှုများ (ဥပမာ)

၁။ မဲရုံတွင်မဲဆွယ်ခြင်း၊
၂။ မမှန်မကန်မဲပေးမှုများ၊
၃။ လျှို့ဝှက်မဲပေးမှုကိုထိခိုက်မှုများ၊
၄။ မမှန်မကန်မဲရေတွက်မှုများ၊
၅။ အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု၊ ခြောက်လှန့်မှုများ၊
၆။ ရွေးကောက်ပွဲလေ့လာသူများ သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်များ မဲရုံအတွင်းဝင်ခွင့်ကိုမတရားသဖြင့် တားမြစ်ခံရခြင်း၊
၇။ ထိခိုက်လွယ်သော အရာများကို ပုံပျက်စေခြင်း (ဥပမာ - မဲပုံးများကို ဖျက်ဆီးခြင်း၊ မဲလက်မှတ်များကို ဆုတ်ဖြဲခြင်း၊ မဲစာရင်းကို မီးရှို့ခြင်း)၊
၈။ မဲရုံဝန်ထမ်းများ၏ဘက်လိုက်သည့်အပြုအမူ၊
၉။ လုံခြုံရေးများ၏နှောင့်ယှက်မှု၊
၁၀။ မဲရုံဝန်ထမ်းများနှင့် လုံခြုံရေးဝန်ထမ်းများအား နှောင့်ယှက်မှု၊
၁၁။ အခြား ...............................။

## အခွင့်အာဏာပိုင်

မဲရုံမှူးသည် အငြင်းပွားမှုများနှင့် မမှန်မကန်ပြုလုပ်မှုသို့မဟုတ်အပြစ်မကင်းသော ပြုလုပ်မှု သို့မဟုတ် ကျူးလွန်မှုကို ဖြေရှင်းဆောင်ရွက်မှုအား အောက်ပါအချက်များအပေါ်အခြေခံကာ ချက်ချင်း ဆောင်ရွက်မည် -

- ၎င်းကိုယ်တိုင် မြင်တွေ့သိရှိခြင်း သို့မဟုတ်၊
- မဲပေးသူ၊ ရွေးကောက်ပွဲလေ့လာသူ၊ ကိုယ်စားလှယ်လောင်း သို့မဟုတ်ပါတီကိုယ်စားလှယ် တစ်ဦးဦးက အချက်အလက်ပေးခြင်း၊ တိုင်ကြားခြင်း။

ရွေးကောက်ပွဲနေ့တွင်အငြင်းပွားမှုများနှင့် မမှန်မကန်ပြုလုပ်မှုသို့မဟုတ်အပြစ်မကင်းသော ပြုလုပ်မှု သို့မဟုတ် ကျူးလွန်မှုကို ထိရောက်စွာ ရပ်တန့်နိုင်ရန်နှင့် ကျူးလွန်မှုများကြောင့် အကျိုးသက် ရောက်မှုများကို လျှော့ချနိုင်ရန် မဲရုံမှူးက ချက်ချင်းဖြေရှင်းဆောင်ရွက်ရမည်။

မဲရုံမှူးများသည် မဲပေးစဉ်နှင့် မဲရေတွက်စဉ် အငြင်းပွားမှုများနှင့် မမှန်မကန်ပြုလုပ်မှု သို့မဟုတ် အပြစ်မကင်းသောပြုလုပ်မှု သို့မဟုတ် ကျူးလွန် မှုများပေါ်ပေါက်ပါက ဖြေရှင်းရန် အခွင့်အာဏာရှိသည်။ မဲရုံမှူးသည် ကျူးလွန်မှုအတိုင်းအတာနှင့် ရွေးကောက်ပွဲအပေါ် အကျိုးသက်ရောက်မှုပေါ် မူတည်ကာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

- မဲရုံပရိဝုဏ်အတွင်း ပြဿနာများနှင့်ပတ်သက်၍ သတိပေးကြောင်း မဲရုံမှူးမှတ်တမ်းတွင် ဖော်ပြ မှတ်တမ်းတင်ခြင်း၊ လက်မှတ်ရေးထိုး စေခြင်းပြုနိုင်သည်။ (ဥပမာ - နိုင်ငံရေးပါတီ၊ ကိုယ်စားလှယ် လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ ရွေးကောက်ပွဲလေ့လာသူ သို့မဟုတ် မဲပေးသူ များ)
- မဲရုံတွင် မဖွယ်မရာသောအမှုကိုပြုလျှင် သို့မဟုတ် မဲရုံမှူးက တာဝန်ဝတ္တရားအရ ညွှန်ကြားခြင်းကို မနာခံလျှင် တစ်စုံတစ်ယောက်ကို မဲရုံမှ ထွက်ခွာခိုင်းစေခြင်း၊
- တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် လုံခြုံရေးများကို အကူအညီတောင်းခြင်း၊ ဥပမာ တစ်စုံတစ်ယောက်ကို မဲရုံမှ ထွက်ခွာစေခြင်း၊
- ပယ်မဲအဖြစ်ကြေညာခြင်း၊
- မဲပေးခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊
- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၏ လမ်းညွှန်မှု ရယူခြင်း။

မဲရုံမှူးသည် လွတ်လပ်စွာဆန္ဒမဲပေးခြင်းကို ထိခိုက်စေနိုင်သည့် မမှန်မကန်ပြုလုပ်မှုများ ပေါ်ပေါက်လာလျှင် ရပ်ကွက် သို့မဟုတ်ကျေးရွာ အုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံရမည်။ မဲရုံမှူးသည် လုပ်ငန်းလမ်းညွှန်များတွင် မပါရှိသည့်ကိစ္စများပေါ်ပေါက်လာလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြ၍ လမ်းညွှန်မှု တောင်းခံရန် ဖြစ်သည်။

*မှတ်ချက် -* *ကျူးလွန်မှုများကို အချိန်မီတားဆီးနိုင်ရန် သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင် သို့မဟုတ် လုံခြုံရေးများထံမှ အကူအညီ မရယူမီ မဲရုံမှူးက ဦးစွာဖြေရှင်းပေးနိုင်သည်။*



## မဲရုံမှူးများက အရေးယူဆောင်ရွက်ရမည့်အချက်များ

| မမှန်မကန်ပြုလုပ်မှု/ကျူးလွန်မှု အမျိုးအစားများ | ဥပမာများ | အရေးယူမှု/ ဖြေရှင်းချက် |
|---|---|---|
| မဲဆန္ဒရှင်များ ဆန္ဒမဲပေးမှုကို အတားအဆီးဖြစ်စေခြင်း၊ သဘာဝဘေးအန္တရာယ် သို့မဟုတ် လုံခြုံရေးအန္တရာယ် ဖြစ်ရပ်များပေါ်ပေါက်လာခြင်း။ | ဥပမာ - မဲပေးသူများကို ခြောက်လှန့်ခြင်း/ အကြမ်းဖက်ခြင်း။ (ရေဘေး၊ လေဘေး၊ မီးဘေး စသည်။) | ရပ်ကွက် သို့မဟုတ်ကျေးရွာ အုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံမှ ညွှန်ကြားချက် ယူရန် ချက်ချင်း သတင်းပို့ပါ။ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲကို ချက်ချင်း သတင်းပို့ရမည်။ |
| တရားမဝင်မဲဆွယ်ခြင်း၊ နှောင့်ယှက်ရန် သို့မဟုတ် စိတ်အနှောင့်အယှက် ဖြစ်စေရန်ရည်ရွယ်လုပ် ဆောင်သည့်စည်းကမ်းမဲ့ ဆောင်ရွက်ချက်များ (မဲရုံအတွင်း သို့မဟုတ် မဲရုံပရိဝုဏ် အတွင်းသို့မဟုတ် မဲရုံမှ သတ်မှတ်အကွာအဝေး အတွင်း) | ဥပမာ - ကိုယ်စားလှယ်လောင်း တစ်ဦးဦးကို မဲပေးရန်မဲရုံမှ ကိုက် ၅၀၀ အတွင်းအသံချဲ့စက် အသုံးပြုကာ မဲဆွယ်ခြင်း၊ မဲရုံအဖွဲ့ဝင်များ တာဝန်ထမ်း ဆောင်နေစဉ်နှင့် ဆန္ဒမဲ ပေးသူများ ဆန္ဒမဲပေးနေစဉ် အနှောင့်အယှက် ပြုခြင်း။ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ထံမှ ညွှန်ကြားချက်ယူရန် အမြန် တင်ပြရမည်။ |
| မဲပုံးကို တရားမဝင် သယ်ဆောင်သွားခြင်း၊ မဲပုံးပျောက်ခြင်း သို့မဟုတ် မဲပုံးထဲမှ ဆန္ဒမဲ လက်မှတ် ပျောက်ခြင်း။ | ဥပမာ - မဲရုံအတွင်း ဝင်ရောက် ခြိမ်းခြောက်ပြီး မဲပုံးကိုလုယူ ဖျက်ဆီးခြင်း။ | မဲပေးခြင်းကိုရပ်ကာ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဆန္ဒမဲပေးမှု ခေတ္တ ရပ်ဆိုင်းကြောင်း ကြေညာပါ။ ယင်းသို့ ကြေညာကြောင်း မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲကို ချက်ချင်းတင်ပြပါ။ |

| မမှန်မကန်ပြုလုပ်မှု / ကျူးလွန်မှု အမျိုးအစားများ | ဥပမာများ | အရေးယူမှု / ဖြေရှင်းချက် |
|---|---|---|
| အကြမ်းဖက်ခြင်း၊ လာဘ်ပေး လာဘ်ယူခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် မဲပေးခွင့် သို့မဟုတ် ရွေးကောက်ခံပိုင်ခွင့်ကို ထိခိုက်စေရန် ရည်ရွယ်သည့် မလျော်ကန်သည့် လွှမ်းမိုးမှု ပြုလုပ်ခြင်း။ | ဥပမာ - မဲရုံသို့မဲထည့်ရန် လာရောက်သည့်မဲဆန္ဒရှင် တစ်ဦးအား မည်သည့် လွှတ်တော်ကိုယ်စားလှယ် လောင်း အားဆန္ဒမဲထည့်ရန် သို့မဟုတ် ဆန္ဒမဲ မထည့်ရန် ဆွဲဆောင်ခြင်း။လိုက်နာခြင်း မပြုပါကမိသားစုအား ဘေးအန္တရာယ်ကျရောက် မည်ဟုခြိမ်းခြောက်ခြင်း။ | ပြစ်မှုကျူးလွန်ပြီးသူ သို့မဟုတ် ကျူးလွန်နေသူကို ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖမ်းဆီးရန် သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်ကို ညွှန်ကြားပါ။ |
| တစ်စုံတစ်ယောက် ဟန်ဆောင်ခြင်း။ | ဥပမာ - မဲပေးသူ တစ်ယောက် သည် မှတ်ပုံတင်များစွာ ကိုင်ဆောင်ကာ အခြားသူများ အတွက်မဲပေးရန်အားထုတ်ခြင်း။ | မဲပေးခွင့်သိမ်းပါ/ တားဆီးပါ။ ပြီးနောက် ထိုသူကို အရေးယူပါ။ ဥပမာ - ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုကို ကျူးလွန်ပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့သို့ အပ်နှံ ပါ။ |
| တရားမဲ့ပြုကျင့်ခြင်း သို့မဟုတ် ညွှန်ကြားချက်ကို မလိုက်နာခြင်း။ | ဥပမာ - မဲပေးပြီးသူ တစ်ဦးသည် မဲရုံတွင်းမှ ထွက်ခွာရန် အကြိမ်ကြိမ် ပြောသော်လည်း ထွက်ခွာခြင်း မပြုဘဲ မဲပေးခြင်းကို စောင့်ကြည့်ခြင်း။ | ထိုသူကိုသက်ဆိုင်ရာရဲတပ်ဖွဲ့၊ လုံခြုံရေး သို့မဟုတ် မဲရုံဝန်ထမ်း အကူအညီဖြင့် မဲရုံမှဖယ်ရှားပါ။ |

မမှန်မကန်ပြုလုပ်မှုကို ကိုင်တွယ်ဖြေရှင်းရာတွင် မဲရုံမှူးသည် ထိုသို့မမှန်မကန် ပြုလုပ်ခြင်းသည် မသမာမှု ဟုတ်/မဟုတ် တစ်နည်းအားဖြင့်ရည်ရွယ် ချက်ဖြင့် ပြုလုပ်ခြင်း ဟုတ်/မဟုတ်နှင့် ပြုလုပ်ခံရသူ၏အခြေအနေကို ရှင်းလင်းစွာ ဖော်ထုတ်ရမည်။

မှတ်ချက် - *အကယ်၍ တရားမဝင် လုပ်ဆောင်ချက်တစ်ရပ်သည် ပြစ်မှုမြောက်လျှင် အမှုကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့ထံသို့တိုင်ကြားနိုင် သည်။ သို့မဟုတ်သက်ဆိုင်သူက တရားရုံးတွင် အမှုဖွင့်နိုင်သည်။ သို့သော် မဲရုံပရိဝုဏ်အတွင်း၌ဖြစ်ပွားခဲ့သော အချိန်မီ ဖြေရှင်းနိုင်ရန် မဲရုံမှူးထံသို့ဦးစွာတိုင်ကြားသင့်ပါသည်။*

**မဲရုံမှတ်တမ်း**

မမှန်မကန်ပြုလုပ်မှုတစ်ခုကို တစ်စုံတစ်ယောက်က သတင်းပေးခြင်းကြောင့်ဖြစ်စေ မိမိကိုယ်တိုင် သိရှိခြင်းကြောင့်ဖြစ်စေ မဲရုံမှူးက မဲရုံမှတ်တမ်းတွင် ရှင်းလင်းစွာမှတ်တမ်းတင်မည်။ ["မဲရုံမှူးနှင့် အဖွဲ့ဝင် များ လုပ်ငန်းလမ်းညွှန်နောက်ဆက်တွဲ (ဃ)"]

မမှန်မကန်ပြုလုပ်မှုမှတ်တမ်းတင်ရာတွင် -





- အချိန်နှင့်နေရာ၊
- တိုင်ကြားမှုဖော်ပြချက်၊
- ပါဝင်သူများ၊
- တင်ပြသည့် သက်သေ (ရှိလျှင်) နှင့်၊
- အရေးယူဆောင်ရွက်ချက် သို့မဟုတ် လိုအပ်သည့် အရေးယူမှု (ရှိလျှင်)။

မဲရုံမှူးက မမှန်မကန်ပြုလုပ်မှုများသည် မိမိ၏ စီရင်ဆောင်ရွက်ပိုင်ခွင့် အတွင်း မရှိသည်ကို ဖော်ပြကာ အစီရင်ခံစာကို လက်မှတ်ရေးထိုးပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ အစီရင်ခံစာကို သက်သေတစ်ဦးအား လက်မှတ်ရေးထိုး စေရမည်။

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဆောင်ရွက်ခြင်း

မဲရုံမှူးထံမှ အစီရင်ခံစာ ရရှိပြီးနောက် ရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် အဆိုပါမမှန်မကန် ပြုလုပ်မှုများအား မှတ်တမ်းတင်ကာ ချက်ချင်းဖြေရှင်း ဆောင်ရွက်ရမည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲသည် ကျူးလွန်မှုအတိုင်းအတာအပေါ်မူတည်၍မဲပေးခြင်းကိုရွှေ့ဆိုင်းခြင်း၊ ရပ်တန့်ခြင်း၊ သို့မဟုတ် မဲဆန္ဒရှင် သို့မဟုတ် ကိုယ်စားလှယ်လောင်းအား မဲရုံမှ ဖယ်ရှားခြင်းစသည်ဖြင့် ညွှန်ကြားနိုင်သည်။

မဲရုံမှူးကလည်း ညွှန်ကြားချက်နှင့် အရေးယူဖြေရှင်းချက်ကို နောက်ဆက်တွဲ (ဃ) ပါ အကျဉ်းချုပ်အစီရင်ခံစာပုံစံဖြင့် အစီရင်ခံတင်ပြရမည်။



## မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အခန်းကဏ္ဍ

အကယ်၍ မမှန်မကန်ပြုလုပ်မှုသည် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေအခန်း (၁၃) တွင်ပြဋ္ဌာန်းထားသည့်အတိုင်းရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်လျှင် (ဥပမာ - မဲဝယ်ခြင်း၊ အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုနှင့် ခြောက်လှန့်မှု) မဲရုံမှူး သို့မဟုတ်မဲရုံအဖွဲ့ဝင်သည် ကျူးလွန်သည်ဟု စွပ်စွဲခံရ သူကို တာဝန်ကျရဲတပ်ဖွဲ့ဝင်ထံသို့ လွှဲပြောင်းနိုင်သည်။

ဥပမာ - မည်သူမဆို မဲပေးသူများကို အကြမ်းဖက်ခြင်း သို့မဟုတ် မလျော်ကြီအလွှမ်းမိုးမှုပြုလုပ်ခြင်း။

မှတ်ချက် - ဤအခွင့်အာဏာကို အသုံးပြုပြီး မဲပေးခွင့်ရှိသူ သို့မဟုတ် ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ်များ အပေါ် ခြောက်လှန့်ခြင်း၊ အလွဲသုံးစားပြုခြင်း မပြုလုပ်ရပါ။



# အခန်း(၅)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်း၍ကန့်ကွက်လွှာတင်သွင်းခြင်းနှင့် အယူခံဝင်ခြင်း

## ကန့်ကွက်လွှာ

ရွေးကောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်မှာ တရားသဖြင့် မှန်ကန်စွာရွေးကောက်ခံရခြင်း မဟုတ်ကြောင်းစာဖြင့် ရေးသား စွဲဆိုချက်ဖြစ်သည်။

ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆုံးဖြတ်ပြီးဖြစ်သော ကိစ္စရပ်များအပေါ် ကန့်ကွက်လွှာတင်ခြင်း မပြုလုပ်နိုင်ပေ။



## ကန့်ကွက်လွှာတင်သွင်းခြင်း

- » ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်လောင်းတစ်ဦး၏ ခိုင်လုံမှု သို့မဟုတ်
- » မဲဆန္ဒနယ်တစ်ခုတွင် ကျင်းပသည့် ရွေးကောက်ပွဲ၏ တရားမျှတမှုနှင့်စပ်လျဉ်း၍ ယင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်းမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးခဲ့သည့်မဲဆန္ဒရှင်တစ်ဦးဦးက ကန့်ကွက်လွှာကို တင်သွင်းနိုင်သည်။

ကန့်ကွက်လွှာတင်သူသည် ၎င်းကိုယ်တိုင်ဖြစ်စေ သို့မဟုတ် စာဖြင့် အခွင့်အာဏာ လွှဲအပ်ထား သော ကိုယ်စားလှယ်ကဖြစ်စေ ကန့်ကွက် လွှာတင်နိုင်သည်။

အကယ်၍ ကန့်ကွက်လွှာတင်သူသည် ၎င်းသာလျှင် ရွေးကောက်ပွဲတွင် အနိုင်ရရှိသူဖြစ်သင့်ကြောင်း ကန့်ကွက်ခြင်းဖြစ်ပါက အောက်ပါအချက် များအပေါ် အခြေခံ၍ တင်သွင်းရမည် -

- » ကန့်ကွက်သူသည် ခိုင်လုံမဲ အများဆုံးရရှိသူ အမှန်ဖြစ်ကြောင်း၊
- » တိုင်ကြားခံရသူသည် တရားမဲ့ပြုကျင့်မှုများကြောင့် မဲအများဆုံး ရရှိခြင်း ဖြစ်နိုင်ကြောင်း။

## ကန့်ကွက်လွှာတင်သွင်းရန်နေရာနှင့်အချိန်

ကန့်ကွက်လွှာကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်သွင်းရမည်။

ကန့်ကွက်လွှာကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ရွေးကောက်ပွဲရလဒ်များ ကြေညာပြီးသည့်နေ့မှစ၍ (၄၅) ရက်အတွင်း တင်သွင်းရမည်။

ကန့်ကွက်လွှာကိုအမြန်ဆုံးတင်သွင်းနိုင်လျှင် စုံစမ်းစစ်ဆေးမှုများကို အမြန်ဆုံးပြုလုပ်ကာ ဆုံးဖြတ်ချက်ချမှတ်နိုင်မည်ဖြစ်သည်။



**ကန့်ကွက်လွှာတင်ရန် အခကြေးငွေ**

ကန့်ကွက်လွှာတင်သွင်းကြေး အမှုစရိတ် ငွေကျပ် ငါးသိန်း ဖြစ်သည်။
(ကန့်ကွက်သူ တစ်ဦးချင်း အလိုက်)

**ခိုင်လုံသော ကန့်ကွက်လွှာတစ်စောင်အတွက် လိုအပ်ချက်များ**

ခိုင်လုံသော ကန့်ကွက်လွှာတစ်စောင်တွင် အောက်ပါအချက်များ ပါဝင်ရမည် -

- » ကန့်ကွက်သူ၏ အမည်နှင့်ဆက်သွယ်ရန်လိပ်စာ၊
- » ကန့်ကွက်လွှာတင်သည့် အကြောင်းရင်း၏ အရေးကြီးသောအချက် အလက်များ အကျဉ်းချုပ်၊
- » တရားမဲ့ပြုကျင့်ခြင်းနှင့် သက်ဆိုင်သည့်အချက် အလက် အပြည့်အစုံ၊ ကျူးလွန်သူများ၏ အမည်များ၊ တရားမဲ့ပြုကျင့်မှု အသီးသီးကိုကျူးလွန်သော နေ့ရက်နှင့်နေရာများ ဖော်ပြချက်၊
- » တရားမကျင့်ထုံးဥပဒေနှင့်အညီ တိုင်ကြားသူ၏ တင်ပြချက်များမှန်ကန်ကြောင်း ဝန်ခံလက်မှတ်၊
- » ဖော်ပြသော စွဲဆိုချက်များကိုအထောက်အပံ့ဖြစ်စေမည့်ခိုင်မာသော သက်သေ နှင့် စာရွက်စာတမ်း မိတ္တူများ၊
- » ကန့်ကွက်သူသည် ပုံစံများအား ဖြည့်စွက်ရန် အကူအညီလိုအပ်ပါက ရွေးကောက်ပွဲဆိုင်ရာ အရာရှိများ အပါအဝင် အခြားသူတစ်ဦးအား အကူအညီ တောင်းနိုင်သည်။ ကန့်ကွက်သူကို ခြောက်လှန့်ခြင်း သို့မဟုတ် ဖိအားပေးခြင်း ကို ရှောင်ရှားရမည်။



**မှတ်ပုံတင်ခြင်းနှင့် ကနဦး ထည့်သွင်းစဉ်းစားခြင်း**

ကန့်ကွက်လွှာကို ရရှိလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးရှိ ရွေးကောက်ပွဲခုံရုံးဌာနသည် ကန့်ကွက်လွှာကိုမှတ်ပုံတင်ခြင်း၊ အမှုတွဲတွင် သက်ဆိုင်သောအချက်အလက်များအားလုံးကို ရေးခြင်း၊ ကန့်ကွက်လွှာကို အမှုတွဲအမှတ်စဉ်နံပါတ်ပေးခြင်းများ ပြုလုပ်ရမည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကန့်ကွက်လွှာကိုစစ်ဆေးပြီး ခိုင်လုံသော ကန့်ကွက်လွှာ တစ်စောင်တွင် ပါရှိရမည့် အချက်များကို စိစစ်ရမည်။

အကယ်၍ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကန့်ကွက်လွှာကို အောက်ပါအချက်များနှင့်ငြိစွန်းပါက လက်ခံခြင်းမပြုပါ -

ဥပမာ -

- » ကန့်ကွက်လွှာကို သတ်မှတ်ရက်အတွင်း အချိန်မီ မတင်သွင်းခြင်း၊
- » ကန့်ကွက်လွှာတင်သူသည် အမှုစရိတ် သွင်းထားသည့် ငွေသွင်းချလံမူရင်း မပြနိုင်ခြင်း၊
- » ကန့်ကွက်လွှာကိုတင်သွင်းပိုင်ခွင့်မရှိသူက တင်သွင်းလာခြင်း၊
- » ကန့်ကွက်လွှာတင်သူသည် ရွေးကောက်ပွဲ တရားမဲ့ပြုကျင့်မှုများနှင့် စပ်လျဉ်းသည့်အချက်များ ကို မတင်ပြခြင်း။

အကယ်၍ကန့်ကွက်လွှာသည်ဥပဒေအရလုံလောက်မှုမရှိလျှင် သို့မဟုတ် လုပ်ငန်းစဉ်တွင် ချို့ယွင်းချက်ရှိလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကန့်ကွက်လွှာ တင်သွင်းသူကို ဥပဒေအရ သတ်မှတ်ထားသည့် အချိန်ကာလ အတွင်း ကန့်ကွက်လွှာကို ထပ်ဖြည့်ရန် ခွင့်ပြုနိုင်သည်။

ဤအခြေအနေတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရွေးကောက်ပွဲ ကန့်ကွက်လွှာကို ရုပ်သိမ်းနိုင်သည်။

အကယ်၍ ခိုင်လုံသော ကန့်ကွက်လွှာဖြစ်ရန် လိုအပ်ချက်အားလုံးပြည့်စုံလျှင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ရွေးကောက်ပွဲ ခုံအဖွဲ့တစ်ခုကို ဖွဲ့စည်းပြီး ကန့်ကွက်လွှာကို ကြားနာ စစ်ဆေး မည်။

## ရွေးကောက်ပွဲခုံအဖွဲ့ဖွဲ့စည်းခြင်း


## ရွေးကောက်ပွဲခုံအဖွဲ့၏ဖွဲ့စည်းပုံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့ပုံစံနှစ်မျိုးကို ဖွဲ့စည်းရန် ဆုံးဖြတ် နိုင်သည် -

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်တစ်ဦးက ခုံအဖွဲ့ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပြီး၊ အခြား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှစ်ဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ သို့မဟုတ်၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်တစ်ဦးက ခုံအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဥပဒေ ကျွမ်းကျင်သော သင့်လျော်သည့် နိုင်ငံ သားနှစ်ဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့။

## ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများအား ကြားနာစစ်ဆေးသည့် ရွေးကောက်ပွဲခုံအဖွဲ့ - အများပြည်သူရှေ့တွင်ကြားနာခြင်း

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၉ (က)(၂)




- ၁ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(ခုံဥက္ကဋ္ဌ)
- ၂ ဥပဒေကျွမ်းကျင်သော နိုင်ငံသား (ခုံအဖွဲ့ဝင်)
- ၃ ဥပဒေကျွမ်းကျင်သော နိုင်ငံသား (ခုံအဖွဲ့ဝင်)
- ၄ တရားရေးအရာရှိ
- ၅ တရားခွင်စာရေး
- ၆ လျှောက်ထားသူဘက်မှ ရှေ့နေ
- ၇ လျှောက်ထားခံရသူဘက်မှ ရှေ့နေ
- ၈ သက်သေ
- ၉ လျှောက်ထားသူ
- ၁၀ လျှောက်ထားခံရသူ
- ၁၁ အများပြည်သူ၊ လေ့လာစောင့်ကြည့်သူနှင့် မီဒီယာများ

### ကန့်ကွက်လွှာရုပ်သိမ်းခြင်း

ရွေးကောက်ပွဲ ခုံအဖွဲ့ဖွဲ့စည်းပြီးနောက်တွင်လည်း ရွေးကောက်ပွဲကန့်ကွက်လွှာကို ရုပ်သိမ်း နိုင်သည်။ သို့သော် ၎င်းကို ကြားနာမည့် ရွေးကောက်ပွဲခုံအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်နိုင်ပြီး ရုပ်သိမ်းကြောင်းကို ကန့်ကွက်လွှာနှင့်ပတ်သက်သူများကို အကြောင်းကြား ရမည်။

အကယ်၍ ကန့်ကွက်လွှာ ရုပ်သိမ်းခြင်းကို မရိုးဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ တစ်စုံ တစ်ရာ၏ မလျော်သြဇာသုံးခြင်းကြောင့်ဖြစ်စေပြုလုပ်ပါက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် သို့မဟုတ် ရွေးကောက်ပွဲခုံအဖွဲ့က ကန့်ကွက်လွှာကို ရုပ်သိမ်းခွင့်မပြုသင့်ဟု ယူဆလျှင် ခွင့်ပြုမည် မဟုတ်ပါ။

**စုံစမ်းစစ်ဆေးခြင်း**

**ကန့်ကွက်လွှာတင်သွင်းခြင်းခံရသူနှင့် အများပြည်သူကို အသိပေးခြင်း**

ရွေးကောက်ပွဲခုံရုံးဥက္ကဋ္ဌသည် အမှုတွဲတစ်ခုဖွင့်ပြီး အမှုတွဲအမှတ်စဉ်နံပါတ်ပေးမည်။ ကန့်ကွက်လွှာတင်သွင်းခြင်းခံရသူကိုမိတ္တူတစ်စောင်ပို့ကာ ကန့်ကွက်လွှာကိုနိုင်ငံတော်ပြန်တမ်းတွင်ထုတ်ပြန်ကြေညာမည်။

**ပါဝင်ကန့်ကွက်ခြင်း**



ကန့်ကွက်လွှာကို အများပြည်သူသိရှိမြင်သာရန် ကြေညာပြီးနောက် (၁၅)ရက်အတွင်းကန့်ကွက်ခံရသူတစ်ဦးဦးကဖြစ်စေ၊ကန့်ကွက်ပိုင်ခွင့်ရှိသောမဲဆန္ဒရှင်တစ်ဦးဦးကဖြစ်စေ ပါဝင်ကန့်ကွက်နိုင်သည်။

ထိုသို့ပါဝင် ကန့်ကွက်သူ မည်သူမဆို အမှုစရိတ် ငွေကျပ်ငါးသိန်းပေးဆောင်ရမည်။

**အထောက်အထားစုဆောင်းခြင်း၊ သက်ဆိုင်သူများနှင့်ဆက်သွယ်ခြင်း**

ကန့်ကွက်သူ သို့မဟုတ် ကန့်ကွက်ခံရသူသည် ၎င်းတို့၏ အဆိုပြုချက်၊ ချေပချက်များကို အထောက်အထားများနှင့်အတူပူးတွဲ တင်ပြရမည်။ ရွေးကောက်ပွဲခုံအဖွဲ့သည် တရားမကျင့်ထုံးဥပဒေအရ တရားမမှုများကို စစ်ဆေးရာတွင် လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ စစ်ဆေးရမည်။ ကန့်ကွက်လွှာကို စစ်ဆေးရာတွင် သက်သေခံ ဥပဒေပါပြဋ္ဌာန်းချက်များကို ကျင့်သုံးခွင့်ရှိသည်။

တင်ပြနိုင်သော သက်သေအမျိုးအစားများ (ဥပမာ သာ ဖြစ်ပါသည်။) -

- ရွေးကောက်ပွဲရလဒ် သို့မဟုတ် မဲစာရင်းမိတ္တူ၊
- ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းဆိုင်ရာ စာရွက်စာတမ်း မိတ္တူများ၊
- မဲရုံတွင်မဲပေးခြင်း သို့မဟုတ် မဲရေတွက်ခြင်းကို မှတ်တမ်းတင်ထားသော ဓါတ်ပုံ သို့မဟုတ် ဗီဒီယို၊
- သက်သေများ၏ သက်သေခံ ထွက်ဆိုချက်များ၊
- ရွေးကောက်ပွဲလေ့လာသူများ၏ အစီရင်ခံစာ။

လိုအပ်ပါက ရွေးကောက်ပွဲခုံအဖွဲ့သည် ကန့်ကွက်မှုနှင့်စပ်လျဉ်းသော သက်သေထွက်ဆိုချက် ပေးနိုင်သည့် မဲရုံမှူး သို့မဟုတ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင် သို့မဟုတ် မည်သူ့ကိုမဆို ဆင့်ခေါ်စစ်ဆေးနိုင်သည်။

လိုအပ်ပါက ရွေးကောက်ပွဲခုံအဖွဲ့ရှေ့မှောက်သို့ လာရောက်ရန် အခက်အခဲရှိသည့် သက်သေတစ်ဦးကို စစ်ဆေးရန် ခုံအဖွဲ့က အဖွဲ့ဝင်တစ်ဦးကို စေလွှတ်၍ စစ်ဆေးနိုင်သည်။

စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ရွေးကောက်ပွဲခုံအဖွဲ့သည်သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ သွားရောက်နိုင်သည်။

ရွေးကောက်ပွဲနည်းဥပဒေများတွင် ရွေးကောက်ပွဲခုံအဖွဲ့သည် လိုအပ်ပါက ပြည်ထောင်စု မြန်မာ နိုင်ငံအတွင်း အခြားဒေသများတွင်လည်း သက်သေများ စုဆောင်းနိုင်ပြီး ရုံးထိုင်စစ်ဆေးနိုင်သည်။ ရွေးကောက်ပွဲ ခုံအဖွဲ့အတွက် လိုအပ်သည်များကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ကူညီလုပ် ဆောင်ပေးရမည်။ ဥပမာ - လိုအပ်သည့် သက်သေများ ဆင့်ခေါ်ပေးခြင်း၊ လိုအပ်သည့် ရုံးလုပ်ငန်း အကူ အညီပေးခြင်း။

## အများပြည်သူရှေ့တွင်ကြားနာခြင်း

ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ရွေးကောက်ပွဲ ဥပဒေများအရ ရွေးကောက်ပွဲခုံအဖွဲ့သည် အများပြည် သူရှေ့တွင် ကြားနာမည်။

ရွေးကောက်ပွဲခုံအဖွဲ့သည် အများပြည်သူရှေ့တွင် ကြားနာရာတွင် စွပ်စွဲချက်နှင့် သက်သေများကို တင်ပြပြီး သက်ဆိုင်သူများကို ငြင်းဆိုချေပခွင့်ပေးမည်။ ကန့်ကွက်သူနှင့် ကန့်ကွက်ခံရသူတို့ကို ကြားနာစဉ်တွင် ထပ်ဆောင်းသက်သေများ တင်ပြခွင့်ပြုနိုင်သည်။ ထိုကြားနာမှုများကို ကိုယ်စားလှယ်လောင်း၊ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ ရွေးကောက်ပွဲလေ့လာသူများနှင့် မီဒီယာကို လေ့လာခွင့်ပြုသည်။ ကြားနာမည့်နေ့ရက်ကို ရွေးကောက်ပွဲခုံအဖွဲ့က ကြိုတင်ကြေညာထားမည်။



ကြားနာခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် လိုအပ်ပါက အခြားဒေသများတွင် ရုံးထိုင်စစ်ဆေးနိုင်သည်။ ကြားနာမှုကို မှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာအမှုတွဲတွင်ထည့်သွင်းရမည်။ ကန့်ကွက် သူသို့မဟုတ် ကန့်ကွက်ခံရသူသည် ၎င်းတို့ကိုယ်စားရှေ့နေ သို့မဟုတ် ကိုယ်စားလှယ်ဖြင့် ကြားနာခြင်းကို တက်ရောက်နိုင်သည်။ လိုအပ်လျှင် ရွေးကောက်ပွဲခုံအဖွဲ့က ကန့်ကွက်သူ သို့မဟုတ် ကန့်ကွက်ခံရသူကို လူကိုယ်တိုင် တက်ရောက်စေနိုင်သည်။

ရွေးကောက်ပွဲခုံအဖွဲ့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု ရှေ့နေချုပ်သည် ၎င်းကိုယ်တိုင် သို့မဟုတ် သင့်လျော်သော ဥပဒေအရာ ရှိအဆင့် (၁) အောက် မနိမ့်သည့်ပုဂ္ဂိုလ်အား ၎င်း၏ကိုယ်စား လှယ်အဖြစ် သတ်မှတ်ကာ ကြားနာမှုကို တက်ရောက်၍ ဥပဒေဆိုင်ရာ အကြံဉာဏ်များ ပေးနိုင်သည်။ ကြားနာပြီးနောက် ရွေးကောက်ပွဲခုံအဖွဲ့သည် သီးသန့်ဆွေးနွေးပြီးအချိန်နှင့်တစ်ပြေးညီဆုံးဖြတ်ချက်တစ်ခု ကိုချမည်။



လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ပျက်ပြယ်စေသော အကြောင်း ရင်းများ -

- မဲအများစုကို တရားမဲ့ပြုကျင့်မှုဖြင့် ရရှိခြင်း သို့မဟုတ် ရွေးကောက်ပွဲအောင်နိုင်ခြင်း သို့မဟုတ်ရှုံးခြင်းသည် တရားမဲ့ပြုကျင့်မှုကြောင့်သာဖြစ်ခြင်း၊
- ရွေးကောက် တင်မြှောက်ခံရသော ကိုယ်စားလှယ်၏ အကျိုးအတွက် တရားမဲ့ပြုကျင့်ခြင်း၊
- ရွေးကောက်ပွဲသည် လွတ်လပ်မှုနှင့် တရားမျှတမှုမရှိခြင်း၊
- ရွေးကောက်ပွဲသည် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ သို့မဟုတ် ရွေးကောက်ပွဲများ၏ အောင်မြင်မှုကို ထိခိုက်စေသည့် လာဘ်ပေးခြင်းနှင့် နှောင့်ယှက်ခြင်းတို့ကြောင့် လွတ်လပ်မှုနှင့် တရားမျှတမှုမရှိခြင်း၊
- ရွေးကောက်ခံရသော ကိုယ်စားလှယ်သည် သာသနာ့ဝန်ထမ်းဖြစ်ခြင်း၊ နိုင်ငံခြားသားဖြစ်ခြင်း၊ ဘာသာရေး သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်း ငွေကြေးအထောက်အပံ့ယူခြင်း စသည့် ပုဒ်မ ၁၀ အရ ရွေးကောက် တင်မြှောက်ခံခွင့် မရှိသူဖြစ်ခြင်း။

ရွေးကောက်ပွဲခုံအဖွဲ့သည် သက်သေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများအရ တင်သွင်းသော သက်သေများအပေါ် အကဲဖြတ်သုံးသပ်မည်။

### ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် ရွေးကောက်ပွဲတရားမဲ့ပြုကျင့်မှုများကို ခွဲခြားခြင်း

အမှုတွဲကိုအကဲဖြတ်စဉ်စုံစမ်းစစ်ဆေးသူများသည် ကျူးလွန်မှုကိုဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးကောက်ပွဲတရားမဲ့ပြုကျင့်မှု သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများ ဖြစ်ကြောင်း ရှင်းလင်း စွာခွဲခြားမည်။

အကယ်၍ ကျူးလွန်မှုသည် ရွေးကောက်ပွဲဥပဒေအခန်း (၁၃) တွင် ဖော်ပြထားသော ရွေးကောက်ပွဲဆိုင်ရာပြစ်မှုနှင့်သာ သက်ဆိုင်ပါက အမှုတွဲဖွင့်လှစ်မည်မဟုတ်ဘဲ တိုင်ကြားသူကိုမြန်မာနိုင်ငံရဲတပ်ဖွဲ့ သို့မဟုတ် သက်ဆိုင်ရာတရားရုံးသို့ အမှုဖွင့်တိုင်ကြားနိုင်ကြောင်း အသိပေး ပြောကြားမည်။

### ရွေးကောက်ပွဲဆိုင်ရာမသမာမှုနှင့် မှားယွင်းစွာပြုကျင့်မှုကို ခွဲခြားခြင်း

အကဲဖြတ်စဉ် စုံစမ်းစစ်ဆေးသူများနှင့် ရွေးကောက်ပွဲခုံအဖွဲ့ဝင်များသည် ကျူးလွန်မှုမှာ မသမာမှု သို့မဟုတ်မှားယွင်းစွာပြုကျင့်မှု ဟုတ်/မဟုတ်ကို ဆုံးဖြတ်မည်။ ခုံအဖွဲ့သည် ကျူးလွန်သူ၏ ရည်ရွယ်ချက်၊ အခြေအနေတို့ကို ထည့်သွင်းစဉ်းစားမည်။

### သက်သေပြရန်တာဝန်နှင့် သက်သေ၏စံနှုန်း

ကန့်ကွက်မှုနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲခုံအဖွဲ့သို့ သက်သေတင်ပြရန်မှာ ကန့်ကွက်သူ၏ တာဝန် ဖြစ်သည်။ တရားမဲ့ပြုကျင့်မှုသို့မဟုတ်မသမာမှုပြုလုပ်ခြင်းထင်ရှားကြောင်းကိုရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ရမည်။ ရွေးကောက်ပွဲခုံအဖွဲ့၏ သက်သေစံနှုန်းအပေါ် ဆွေးနွေးမှုသည် တရားမမှု လုပ်ထုံး လုပ်နည်း များအပေါ် အခြေခံပါသည်။ အကယ်၍ ရွေးကောက်ပွဲခုံအဖွဲ့က ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှု ပြုလုပ်ခဲ့သည်မှာ ထင်ရှားကြောင်းနှင့် မဲနိုင်သည့် ကိုယ်စားလှယ်လောင်းအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း တွေ့ရှိရပါက ရွေးကောက်ပွဲခုံအဖွဲ့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားသူကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာသင့်ကြောင်း အစီရင်ခံ တင်ပြမည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်တင်မြှောက်ခံရမှုကို အောက်ပါအချက်များကြောင့် ပျက်ပြယ်စေမည်မဟုတ်ပါ -

- တရားမဲ့ပြုကျင့်မှုကို ရွေးကောက်ပွဲကိုယ်စားလှယ်က မဟုတ်ဘဲ အခြားသူတစ်ဦးဦးက ဆောင်ရွက် ခြင်း၊
- ရွေးကောက်ပွဲကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ခွင့်ပြုချက်မပါဘဲ တရားမဲ့ ပြုကျင့်မှု ဆောင်ရွက်ခြင်း၊
- လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ်ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် တရားမဲ့ပြုကျင့်မှု မပြုလုပ်စေရန် တတ်အားသရွေ့တားဆီးကာကွယ်ထားခြင်း၊
- တရားမဲ့ပြုကျင့်မှုသည် ရွေးကောက်ပွဲအပေါ် သက်ရောက်မှုမရှိခြင်း သို့မဟုတ်မပြော ပလောက် သော သက်ရောက်မှုဖြစ်ခြင်း၊
- ရွေးကောက်ပွဲသည် ရွေးကောက်ခံရသော ကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ် တို့၏ တရားမဲ့ပြုကျင့်မှုမှ ကင်းရှင်းခြင်း။

ရွေးကောက်ခံရသော ကိုယ်စားလှယ်များသည် အထက်ပါအချက်များကို အသုံးပြုချေပကာ သက်ဆိုင်သော အထောက်အထားများကို တင်ပြနိုင်သည်။

## ချမှတ်နိုင်သောဆုံးဖြတ်ချက်များ

သက်သေခံချက်များကို စိစစ်သုံးသပ်ပြီးနောက် ရွေးကောက်ပွဲခုံအဖွဲ့က -

- ကန့်ကွက်မှုကို ပယ်ချနိုင်သည်။
- ရွေးကောက်ခံရသော ကိုယ်စားလှယ်၏ရွေးကောက်ပွဲအနိုင်ရမှုကို ပျက်ပြယ်ကြောင်း ဆုံးဖြတ်နိုင်သည်။
- ရွေးကောက်ခံရသောကိုယ်စားလှယ်၏ ရွေးကောက်ပွဲ အနိုင်ရမှုကိုပျက်ပြယ်ကြောင်း ဆုံးဖြတ်၍ အခြားကိုယ်စားလှယ်လောင်းတစ်ဦးကို ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ဆုံးဖြတ်နိုင်သည်။

*မှတ်ချက် - တိုင်ကြားချက်သည် မှန်ကန်ကြောင်းသက်သေ လုံလောက်စွာ မပြနိုင်ပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်ကြားလွှာ ကို ပလပ်နိုင်သည်။ တင်သွင်းသည့်သူကို ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုဖြင့် အရေးယူခြင်း မပြုပါ။သက်သေအထောက်အထားများ မလုံလောက်ခြင်းကြောင့် အမှုအားပလပ်ခြင်းသည် တိုင်ကြား သူက မမှန်မကန်ပြုလုပ်တိုင်ကြားခြင်းဟု ဆိုလိုခြင်းမဟုတ်ပါ။*

## ဆုံးဖြတ်ချက်ချခြင်း

ရွေးကောက်ပွဲခုံအဖွဲ့သည် ဆုံးဖြတ်ချက်ကိုအမြန်ဆုံးထုတ်ပြန်ပြီး ဆုံးဖြတ်ချက် အမိန့်၊ အယူခံနိုင်ခွင့် အခွင့်အရေးနှင့်နောက်ဆုံးနေ့ရက်တို့ကို သက်ဆိုင်သူများကို အကြောင်းကြားမည်။



ကန့်ကွက်မှုနှင့်သက်ဆိုင်သည့် အစီရင်ခံစာ သို့မဟုတ် ဆုံးဖြတ် ချက်များကို ရွေးကောက်ပွဲ ခုံအဖွဲ့ဝင် အများစု၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်သည်။ အဖွဲ့ဝင်တစ်ဦး သည် ၎င်း၏ကွဲပြားသော ယူဆချက်ကို ဖော်ပြ လက်မှတ်ရေးထိုးကာ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနိုင်သည်။

## ဆုံးဖြတ်ချက်ကို မှတ်တမ်းတင်ခြင်းနှင့် အကြောင်းကြားခြင်း

ရွေးကောက်ပွဲခုံအဖွဲ့သည် ဆုံးဖြတ်ချက်အတွက် အကြောင်းအရင်းများကို စာဖြင့်ရေးသားကာ အမှုတွဲတွင် ထည့်သွင်းထားပြီးခုံအဖွဲ့ဝင်အားလုံးက ဆုံးဖြတ်ချက်ပါ သည့် အစီရင်ခံစာကို လက်မှတ် ထိုးမည်။

ဆုံးဖြတ်ချက်ကိုရေးသားကာ အကျိုးအကြောင်းဖော်ပြရမည်။ ဆုံးဖြတ်ချက်ကို အချက်အလက်ပိုင်းနှင့် ဥပဒေပိုင်းများဖြင့် ဖော်ပြမည်။ ရွေးကောက်ပွဲခုံအဖွဲ့သည် ၎င်း၏ ဆုံးဖြတ်ချက်တွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့အယူခံတင်သွင်းနိုင်ကြောင်း နှင့် တင်သွင်းရမည့် နောက်ဆုံး နေ့ရက်ကို ဖော်ပြမည်။ ရွေးကောက်ပွဲခုံအဖွဲ့သည် ၎င်း၏ အစီရင်ခံစာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ချက်ချင်း တင်ပြရမည်။



### ဆုံးဖြတ်ချက်ကို အများပြည်သူသိရှိစေခြင်း

ဆုံးဖြတ်ချက်များကိုအများပြည်သူများ သိရှိနိုင်စေမည်။ အကယ်၍အယူခံလွှာ တင်သွင်းခြင်းမရှိလျှင် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်မည်။



### ပြင်ဆင်မှုတင်သွင်းလျှောက်ထားခြင်း

ရွေးကောက်ပွဲကန့်ကွက်လွှာကိုရွေးကောက်ပွဲခုံအဖွဲ့ကကြားနာစစ်ဆေးနေစဉ်အတွင်းကန့်ကွက်သူ သို့မဟုတ် ကန့်ကွက်ခံရသူသည် ရွေးကောက်ပွဲခုံအဖွဲ့၏ အမိန့်အပေါ်ဥပဒေကြောင်း အရ မှားယွင်း သည်ဟု အကြောင်းပြချက်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံသို့ ပြင်ဆင်ပေးပါရန်လျှောက်လွှာ တင်သွင်းနိုင်သည်။ ၎င်းသည် -

- အမှုစရိတ် ငွေကျပ် သုံးသိန်း၊
- ငွေသွင်းချလံမူရင်း၊
- ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူ၊
- လျှောက်လွှာကို ရွေးကောက်ပွဲခုံအဖွဲ့က အမိန့်ချမှတ်သည့်နေ့မှ သုံးရက်အတွင်း လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ပူးတွဲတင်သွင်းနိုင်သည်။
  (၎င်းဆုံးဖြတ်ချက်ရရှိရန် ကြာမြင့်သည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ)

### အယူခံဝင်ခြင်း
### အယူခံတင်သွင်းရန် နေရာနှင့်အချိန်

ဆုံးဖြတ်ချက်အပေါ် မကျေနပ်သော ကန့်ကွက်သူ သို့မဟုတ် ကန့်ကွက်ခံရသူသည်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့အယူခံဝင် နိုင်သည်။ အယူခံဝင်ခြင်းကို ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ချက်ချပြီး (၁၅) ရက်အတွင်း ပြုလုပ်ရမည်။



### အယူခံတင်သွင်းရန် အခကြေးငွေ

အယူခံမှု အမှုစရိတ်မှာ ငွေကျပ် ငါးသိန်းဖြစ်သည်။



**အယူခံလွှာတင်သွင်းရာတွင် လိုအပ်သောအချက်များ**

အယူခံလွှာကို ဥပဒေကြောင်းဆိုင်ရာ အချက်အလက်များဖြင့် တင်သွင်းနိုင်သည်။ ခိုင်လုံသော အယူခံတစ်ခုအတွက် လိုအပ်ချက်များကို ရွေးကောက်ပွဲ နည်းဥပဒေများတွင် ဖော်ပြထားသည်။

(ရွေးကောက်ပွဲ နည်းဥပဒေ ၉၉)

- အမှုစရိတ် ငွေကျပ်ငါးသိန်း၊
- ငွေသွင်းချလံမူရင်း၊
- ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူ။
  (၎င်းဆုံးဖြတ်ချက်ရရှိရန်ကြာမြင့်သည့်ကာလကို ထည့်သွင်း ရေတွက်ခြင်းမပြုရ။)




**ကြားနာစစ်ဆေးခြင်း**

အဆိုပါပြင်ဆင်မှုလျှောက်လွှာ / အယူခံလွှာကို လက်ခံရရှိလျှင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် အမှုတွဲဖွင့်ကာ အမှုအမှတ်စဉ်ကို မှတ်ပုံတင်ပြီး လျှောက်ထားသူ တင်သွင်းသော သက်သေအထောက် အထားများ၊ လိုအပ်သော စာရွက်စာတမ်းများကိုပြန်လည်သုံးသပ်ကာ လျှောက်ထားသူနှင့် လျှောက်ထား ခံရသူတို့ကိုကြားနာရမည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ဥပဒေဆိုင်ရာ အချက်အလက် များနှင့်အမှု၏ အကြောင်းခြင်းရာများကို အဓိကထား စစ်ဆေး ကြားနာမည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင် သည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် နှစ်ဘက်သက်ဆိုင်သူများ သို့မဟုတ်၎င်းတို့၏ ကိုယ်စားလှယ်များ ချေပချက်များကို ဦးစွာကြားနာရန် ဆုံးဖြတ်နိုင်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တရားမကျင့်ထုံး ဥပဒေအရ အများပြည်သူရှေ့ မှောက်တွင် ကြားနာစစ်ဆေးမှုကို ဆောင်ရွက်မည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားနာခြင်း လုပ်ငန်းများ ပိုမိုပွင့်လင်းမြင်သာမှု ရှိစေရန် ရွေးကောက်ပွဲနှင့် ဆက်နွှယ်သူများကို ကြားနာ စစ်ဆေးခြင်းသို့ တက်ရောက် နားထောင်စေနိုင်သည်။ ပြင်ဆင်မှု/အယူခံမှုကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်အားလုံး ပါဝင်သည့်စုံညီခုံရုံးဖြင့်ဖြစ်စေ သို့မဟုတ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်နှစ်ဦး ပါဝင်သော ခုံရုံး ဖြင့်ဖြစ်စေ အများပြည်သူရှေ့တွင် ကြားနာမည်။

## ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုနှင့် အယူခံမှုများအား ကြားနာစစ်ဆေးသည့် စုံညီခုံရုံး – အများပြည်သူရှေ့တွင်ကြားနာခြင်း



- (၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ(ခုံဥက္ကဋ္ဌ)
- (၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ခုံအဖွဲ့ဝင်)
- (၃) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ခုံအဖွဲ့ဝင်)
- (၄) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ခုံအဖွဲ့ဝင်)
- (၅) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ခုံအဖွဲ့ဝင်)
- (၆) ရုံးတော်သဟာရ
- (၇) တရားရေးအရာရှိ
- (၈) လျှောက်ထားသူဘက်မှ ရှေ့နေ
- (၉) လျှောက်ထားခံရသူဘက်မှ ရှေ့နေ
- (၁၀) သက်သေ
- (၁၁) လျှောက်ထားသူ
- (၁၂) လျှောက်ထားခံရသူ
- (၁၃) အများပြည်သူ၊ လေ့လာစောင့်ကြည့်သူနှင့် မီဒီယာများ

### ဆုံးဖြတ်ချက်ချခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

### အကြောင်းကြားခြင်းနှင့် အများပြည်သူသိရှိစေခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်၎င်း၏ဆုံးဖြတ်ချက်ကိုနိုင်ငံတော်ပြန်တမ်းတွင်ဖော်ပြမည်။

# အခန်း(၆)

## ရွေးကောက်ပွဲအသုံးစရိတ်ဆိုင်ရာကန့်ကွက်ခြင်း

ရွေးကောက်ပွဲဥပဒေနှင့် ရွေးကောက်ပွဲနည်းဥပဒေများအရ ကိုယ်စားလှယ်လောင်းများ အားလုံးသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ ရွေးကောက်တင်မြှောက်ခံရသည့်လွှတ်တော်ကိုယ်စားလှယ်၏ အမည်ကို ကြေညာ သည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပုံစံ (၂၀)ဖြင့် တင်သွင်း ရပါမည်။ ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးရေးဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရပါမည်။

သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ကိုယ်စားလှယ်လောင်းတစ်ဦးစီ၏ ရွေးကောက်ပွဲ အသုံးစရိတ်ဆိုင်ရာ အချက်အလက်များကို အများပြည်သူက ကြည့်ရှုနိုင်ရန် ရုံးတွင်ကပ်ထားရမည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၈၀ အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ အစီရင်ခံစာကို တင်ပြရမည်။ ထိုအစီရင်ခံစာတွင် ရွေးကောက်ပွဲကုန်ကျစရိတ် အစီရင်ခံစာ တင်သွင်းရန် ပျက်ကွက်သဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ အရည်အချင်းပျက်ယွင်းသူဟု သတ်မှတ် ကြောင်း ဖော်ပြချက်လည်းပါရှိရမည်။ ထိုအစီရင်ခံစာကို အများပြည်သူသိရှိစေရန် ရုံးတွင်ကပ်ထားမည်။



**အရည်အချင်းပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်းလျှောက်ထားခြင်း**

လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်းပျက်ယွင်းသူဟု ဆုံးဖြတ်ရန်မသင့်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားနိုင်သည်။

မှတ်ချက် - လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များကိုအများပြည်သူ သိရှိအောင် ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ဆန္ဒမဲပေးခဲ့သည့် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ မဲဆန္ဒရှင်တစ်ဦးသည် ရွေးကောက်ပွဲဥပဒေ အခန်း (၁၄)တွင် ဖော်ပြထားသော ရွေးကောက်ပွဲ ကုန်ကျစရိတ်များဆိုင်ရာ ချိုးဖောက်မှုများနှင့် စပ်လျဉ်း၍လည်း ကန့်ကွက်တိုင်ကြားနိုင်သည်။ လျှောက်လွှာများကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းရမည်။

### လျှောက်ထားလွှာတင်သွင်းရမည့်နေရာ



လျှောက်ထားချက်များကို နည်းဥပဒေ ၈၂ အရ ကြော်ငြာစာကပ် သည့်နေ့မှ (၁၅) ရက်အတွင်း မိမိအား အရည်အချင်းပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်းဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့ လျှောက်ထားနိုင်သည်။

### လျှောက်ထားလွှာတင်သွင်းရန် နောက်ဆုံးသတ်မှတ်ရက်




သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြော်ငြာစာ ကပ်ပြီးသည့်နေ့မှ (၁၅) ရက်အတွင်း တင်သွင်းရမည်။

### လျှောက်ထားလွှာတင်သွင်းရန် အခကြေးငွေ



လျှောက်လွှာတင်သွင်းရန် မည်သည့် အခကြေးငွေမှ ပေးရန် မလိုပါ။

### လျှောက်ထားလွှာတစ်စောင်တင်သွင်းရန်အတွက် လိုအပ်ချက်များ

ခိုင်လုံသောလျှောက်လွှာတစ်စောင်တွင် အောက်ပါအချက်များပါဝင်သည် -

- » လျှောက်ထားသူ၏ အမည်နှင့် လိပ်စာ၊
- » လျှောက်ထားသူ အဓိကထားဖော်ပြလိုသည့် အရေးကြီးသည့်အချက်များ အကျဉ်းချုပ်၊
- » ဖော်ပြချက်များသည် မှန်ကန်ကြောင်း လျှောက်ထားသူက လက်မှတ်ထိုး ရမည်။ သို့မဟုတ် လက်မလက်ဗွေနှိပ်ရမည်။
- » ဖော်ပြပါအချက်များ မှန်ကန်ကြောင်း အထောက်အထားသက်သေနှင့် စာရွက် စာတမ်းများ။

လျှောက်ထားသူသည် လျှောက်ထားချက် မိတ္တူတစ်စောင်ကို ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့မဟုတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရ မည်။

## လျှောက်ထားလွှာကို မှတ်ပုံတင်ခြင်းနှင့် သုံးသပ်ခြင်း

လျှောက်ထားလွှာရရှိလျှင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် ၎င်းနှင့်သက်ဆိုင်ရာ အချက်အလက်အားလုံးကို အမှုတွဲ နံပါတ်ဖြင့် အမှုတွဲဖိုင် တစ်ခုဖွင့်လှစ်ပြီး မှတ်ပုံတင်မည်။ လျှောက်ထား ချက်ကိုပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်၍ ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းတင်သွင်းရန် ပျက်ကွက်သူသည် အရည်အချင်း ပျက်ယွင်းသူ ဟုတ်/မဟုတ် ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲခုံ အဖွဲ့တစ်ခုကို ဖွဲ့စည်းမည်။



## ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်းခြင်း

### ရွေးကောက်ပွဲခုံအဖွဲ့၏ ဖွဲ့စည်းပုံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ခုံအဖွဲ့နှစ်မျိုး ဖွဲ့စည်းရန် ဆုံးဖြတ်နိုင်သည် -

- » ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် တစ်ဦးက ခုံရုံးဥက္ကဋ္ဌအဖြစ် ဆောင်ရွက် ပြီး အခြား ကော်မရှင်အဖွဲ့ဝင်နှစ်ဦးပါဝင်သော ခုံအဖွဲ့ သို့မဟုတ်၊
- » ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်တစ်ဦးက ခုံရုံးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဥပဒေ ကျွမ်းကျင်သည့် နိုင်ငံသားနှစ်ဦးပါဝင်သော ခုံအဖွဲ့။

## ကြားနာစစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း

ရွေးကောက်ပွဲခုံအဖွဲ့သည် တင်သွင်းသည့်သက်သေများကို သက်သေခံဥပဒေနှင့် ရွေးကောက်ပွဲ နည်းဥပဒေများနှင့်အညီလွှတ်တော်ကိုယ်စားလှယ်လောင်းသည် အရည်အချင်း ပျက်ယွင်းခြင်း ရှိ/မရှိကို ဆုံးဖြတ်မည်။



## ဆုံးဖြတ်ချက်ချရန်အချိန်

ရွေးကောက်ပွဲခုံအဖွဲ့သည် စစ်ဆေးကြားနာမှုများ ပြုလုပ်ပြီးနောက် အစီရင်ခံစာကို အချိန်မီ ထုတ်ပြန်မည်။ ၎င်းအစီရင်ခံစာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြမည်။ ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်များ ကို ရွေးကောက်ပွဲခုံအဖွဲ့ဝင်များ၏ မဲအနည်း အများပေါ်မူတည်၍ ဆုံးဖြတ်မည်။ ရွေးကောက်ပွဲခုံအဖွဲ့ဝင်တစ်ဦးသည်၎င်း၏ ကွဲပြားသော ယူဆချက်ကိုဖော်ပြ လက်မှတ်ရေးထိုးကာ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနိုင်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကကိုယ်စားလှယ်လောင်းသည်အရည် အချင်း ပျက်ယွင်းခြင်း ရှိ/မရှိကို ဆုံးဖြတ်မည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် မိမိအားအရည်အချင်း ပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ လျှောက်ထားနိုင်သည်။



## ဆုံးဖြတ်ချက်ကို မှတ်တမ်းတင်ခြင်းနှင့် အကြောင်းကြားခြင်း

ဆုံးဖြတ်ချက်ကို ကျိုးကြောင်းဆီလျော်စွာ ရေးသားမှတ်တမ်းတင် ရမည်။ ဆုံးဖြတ်ချက်တွင် အကြောင်းခြင်းရာ အချက်အလက်၊ ဥပဒေကြောင်း အချက်အလက်များနှင့် သက်သေခံချက်များအပေါ် သုံးသပ်ချက်များကို ဖော်ပြ ရမည်။



## ဆုံးဖြတ်ချက်ကို အများပြည်သူသိရှိစေခြင်း

လွှတ်တော်ကိုယ်စားလှယ်လောင်းများအားအရည်အချင်းပျက်ယွင်းကြောင်းကြေညာချက်ကိုနိုင်ငံတော်ပြန်တမ်းတွင် ဖော်ပြမည်။

## အယူခံဝင်ခွင့်

ဥပဒေတွင်ဖော်ပြထားခြင်းမရှိပါ။

# နောက်ဆက်တွဲ – မြန်မာနိုင်ငံ၏ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်းလုပ်ငန်းစဉ်ဇယား

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူကလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အမှုစရိတ် | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| မဲစာရင်း | မဲစာရင်း၌ အမည်ပါရှိသော ပုဂ္ဂိုလ် တစ်ဦးဦးကို ကန့်ကွက်ခြင်း | တူညီသော မဲဆန္ဒနယ် ၏ မဲစာရင်းတွင် အမည်ပါဝင်သူ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားခြင်း | မဲစာရင်းကြေညာပြီးသည့် နေ့မှ (၁၄) ရက်အတွင်း ကန့်ကွက်လွှာတင်သည့်နေ့မှ (၇) ရက်အတွင်း ဆုံးဖြတ်ချက် ကို အကြောင်းကြားသည်။ | မရှိပါ။ | လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အခန်း (၆)၊ ပုဒ်မ၁၈ (က)၊ ရွေးကောက်ပွဲ နည်းဥပဒေများ၊ နည်း ၁၁ (က)၊ (ဂ)။ ရွေးကောက်ပွဲ နည်းဥပဒေ များ၊ နည်း ၁၂ (ခ)။ |
| | တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင် ခြင်းနှင့် စပ်လျဉ်း၍ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင် ခြင်း | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူ (တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်း) | မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ အယူခံဝင်ခြင်း | ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုက ပေးပို့သည့် အကြောင်း ကြားစာကို လက်ခံရရှိသည့် နေ့မှ (၃)ရက်အတွင်း မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့အယူခံ လျှောက်ထားနိုင်ပြီး မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက "ဆောလျင်စွာ" ဆုံးဖြတ်ရန်။ | မရှိပါ။ | လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ ပုဒ်မ ၁၈ (ခ)၊ ပုဒ်မ ၅၃။ ရွေးကောက်ပွဲ နည်းဥပဒေများ၊ နည်း ၁၂ (ဂ)။ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူကလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အမှုစရိတ် | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
| --- | --- | --- | --- | --- | --- | --- |
| လွှတ်တော် ကိုယ်စားလှယ် လောင်းအမည် စာရင်း တင်သွင်းခြင်း | လွှတ်တော် ကိုယ်စားလှယ် လောင်း၏ အမည် စာရင်းတင်သွင်း လွှာအပေါ် ကန့်ကွက်ခြင်း | သက်ဆိုင်ရာ မဲဆန္ဒနယ်မှ ယှဉ်ပြိုင် ရွေးကောက် ခံသည့် ကိုယ်စားလှယ် လောင်း တစ်ဦးဦး၊ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ (နည်း ၂၇) | လွှတ်တော်ကိုယ်စားလှယ် လောင်းအမည်စာရင်း တင်သွင်းခြင်းကို ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့် ရဒေသ သို့မဟုတ် ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့ ကန့်ကွက်ခြင်း တိုင်းရင်းသားကိုယ်စား လှယ်လောင်းများ ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် တွင် ကန့်ကွက်ခြင်း | ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာ စိစစ်သည့်နေ့တွင် ကန့်ကွက် နိုင်သည်။ ကန့်ကွက်ချက်ကို (၇) ရက် အတွင်း စုံစမ်းစစ်ဆေး ဆုံးဖြတ် ချက်ချသည်။ နည်း ၃၀ (ခ) | မရှိပါ။ | လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အခန်း (၇)၊ ပုဒ်မ ၂၅ (ခ)။ ရွေးကောက်ပွဲ နည်းဥပဒေများ၊ နည်း ၂၇၊ ၃၀။ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူက လျှောက်ထားနိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အမှုစရိတ် | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| လွှတ်တော် ကိုယ်စားလှယ် လောင်းအမည် စာရင်း တင်သွင်းခြင်း | ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခြင်း | အမိန့်ကို မကျေနပ်သူ | သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေး ကောက်ပွဲကော်မရှင် အဖွဲ့ခွဲ သို့ အယူခံဝင်ခြင်း<br><br>တိုင်းရင်းသားကိုယ်စား လှယ်လောင်းများ သည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မ ရှင်တွင် အယူခံဝင် ခြင်း | အမိန့်ချမှတ်သည့်နေ့မှစ၍ (၇) ရက်အတွင်း အယူခံလွှာ တင်နိုင်သည်။<br><br>အယူခံလွှာရရှိသည့် ရက်မှ (၇) ရက်အတွင်း သင့် လျော် သော အမိန့်ချမည်။<br><br>အမိန့်မိတ္တူတစ်စောင်စီကို သက်ဆိုင်သူတို့ထံ (၃) ရက် အတွင်း အမြန်ဆုံးပေးပို့ရန်။ မိမိဆန္ဒအလျောက် သက်ဆိုင် ရာ အမှုတွဲ၊ စာရွက်စာတမ်း များကို တောင်းယူကြည့်ရှု၍ လိုအပ် သလို ဆုံးဖြတ်နိုင်။ | မရှိပါ။ | လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အခန်း (၇)၊ ပုဒ်မ ၂၇။<br>ရွေးကောက်ပွဲနည်း ဥပဒေများ၊ နည်း ၃၁၊ ၃၂။<br>လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ ပုဒ်မ ၅၃။ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူကလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အမှုစရိတ် | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| ရွေးကောက်ပွဲ လေ့လာသူများ | အသိအမှတ်ပြုလွှာ များ စိစစ်ခြင်း၊ ခွင့်ပြုခြင်း၊ စည်းကမ်း ဖောက်ဖျက် ကျူးလွန် မှု များအား တိုင်ကြား၊ ကန့်ကွက်ခြင်း။ | ရွေးကောက်ပွဲ လေ့လာသူအဖြစ် အသိအမှတ်ပြုရန် လျှောက်ထားသူများ၊ မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိ သူများ | သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ | သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက လိုအပ်သလို အဆုံးအဖြတ် ချမှတ် နိုင်သည်။ | မရှိပါ။ | ရွေးကောက်ပွဲလေ့လာသူ များကျင့်ဝတ်၊ ရွေးကောက်ပွဲလေ့လာသူ များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ။ |
| ရွေးကောက်ပွဲ တာဝန်ရှိသူများ နှင့် မဲရုံဝန်ထမ်း များ | ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ တာဝန် ရှိသူများ၊ မဲရုံမှူးနှင့် မဲရုံ အဖွဲ့ဝင်များ သည် ဥပဒေနှင့် အညီ မိမိတာ ဝန်ကို သဘောရိုးဖြင့် ဆောင်ရွက်ခြင်း အပေါ် တိုင်ကြား/ ကန့်ကွက်ခြင်း။ | သက်ဆိုင်သူမည်သူမဆို (မဲဆန္ဒရှင်များ၊ နိုင်ငံ ရေး ပါတီများ၊ ကိုယ်စား လှယ်လောင်းများ၊ ရွေးကောက်ပွဲ လေ့လာသူများ) | ၎င်းတို့၏လုပ်ငန်း တာဝန် များကို ဥပဒေအတိုင်း တတ်စွမ်းသမျှ အကောင်းဆုံး သဘောရိုးဖြင့် ဆောင်ရွက် ခြင်းများအတွက် တရားစွဲ ဆိုခြင်း မခံထိုက်စေရ။ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ကိုယ်တိုင် လိုအပ်သလို အဆုံးအဖြတ် ချမှတ်နိုင်သည်။ | မရှိပါ။ | လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ ပုဒ်မ ၅၃၊ ၈၇။ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူကလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အမှုစရိတ် | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
| --- | --- | --- | --- | --- | --- | --- |
| ရွေးကောက်ပွဲ တာဝန်ရှိသူများ နှင့် မဲရုံဝန်ထမ်း များ | ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ တာဝန် ရှိသူများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ ဝင်များသည် သဘောရိုး မဟုတ်ဘဲ ရည်ရွယ်ချက် ရှိရှိနှင့် ချိုးဖောက်ခြင်း၊ ဥပဒေ နှင့်အညီ ဆောင်ရွက် မှုမရှိခြင်းကို တိုင်ကြား/ ကန့်ကွက်ခြင်း။ | သက်ဆိုင်သူမည်သူမဆို (မဲဆန္ဒရှင်များ၊ နိုင်ငံ ရေး ပါတီများ၊ ကိုယ်စားလှယ် လောင်းများ၊ ရွေး ကောက်ပွဲ လေ့လာ သူများ) | ချိုးဖောက်မှုကိုသက်ဆိုင်ရာ ရွေးကောက် ပွဲ ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ တိုင်ကြား နိုင်သည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် လိုအပ် သလို အဆုံးအဖြတ် ချမှတ် နိုင်သည်။ | စောနိုင်သမျှ ဆောလျင်စွာ တိုင်ကြားရန်။ ပြည်ထောင် စု ရွေးကောက်ပွဲကော်မရှင် သို့မဟုတ် တစ်ဆင့်မြင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ဆုံးဖြတ်ချက်ကို ဆောလျင်စွာ ချမှတ်မည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ပြန်လည်စိစစ်မည်။ | မရှိပါ။ | လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ ပုဒ်မ ၅၃။ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူကလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အမှုစရိတ် | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| ရွေးကောက်ပွဲ မကျင်းပမီ မမှန်မကန် ပြုကျင့်မှုများ၊ မဲဆွယ်ခြင်း၊ ကျင့်ဝတ် ချိုးဖောက်ခြင်း စသည် | တစ်စုံတစ်ဦးက ပြုလုပ်သော ရွေးကောက်ပွဲ ဆိုင်ရာ ချိုးဖောက်မှု များ၊ တရားမဲ့ ပြုကျင့်မှု သို့မဟုတ် မသမာမှု များ အပေါ် တိုင်ကြား ခြင်း | သက်ဆိုင်သူ မည်သူမဆို (မဲဆန္ဒရှင် များ၊ နိုင်ငံ ရေးပါတီများ၊ ကိုယ်စားလှယ်လောင်း များ၊ ရွေးကောက်ပွဲ လေ့လာသူများ) | သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ရွေးကောက်ဆိုင်ရာပြစ်မှု ဖြစ်ပါက သက်ဆိုင်ရာ ရဲစခန်းသို့ တိုင်ကြားရန် လမ်းညွှန်မှုပြုနိုင်သည်။ | မှတ်ချက် - သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည် သက်ဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ သို့ပေးပို့၍ ညှိနှိုင်းဖြေရှင်း နိုင်ရန် ဆောင်ရွက်ရမည်။ | မရှိပါ။ | လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ ပုဒ်မ ၅၃၊ ၈၇။ |
| | လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း (၁၃) တွင် ပြဋ္ဌာန်းထားသော ပြစ်မှုများ အား ကျူးလွန်ခြင်းအပေါ် တိုင်ကြားခြင်း | သက်ဆိုင်ရာ မဲဆန္ဒနယ် တွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိ သူတစ်ဦးဦး၊ လွှတ်တော် ကိုယ်စားလှယ် လောင်း၊ ရွေးကောက်ပွဲကိုယ်စား လှယ်၊ မဲဆန္ဒနယ်အတွင်း တာဝန်ယူ ဆောင်ရွက် ရသော ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ မဲရုံ အဖွဲ့တစ်ခုခုတွင် ပါဝင် သော အဖွဲ့ဝင်။ | ပြစ်မှုဆိုင်ရာတရားရုံးများ သို့မဟုတ် သက်ဆိုင်ရာ ရဲစခန်းနှင့် ရဲတပ်ဖွဲ့ဝင်များ | ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲကျင်းပစဉ်နှင့် ရွေးကောက်ပွဲကျင်းပသော နေ့မှ (၁၅) ရက်အတွင်း | မရှိပါ။ | လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အခန်း (၁၃)၊ ပုဒ်မ ၆၅။ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူကလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အမှုစရိတ် | ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| ရွေးကောက်ပွဲနေ့မဲရုံ၊ မဲရေတွက်ခြင်းများနှင့် သက်ဆိုင်သော ချိုးဖောက်မှုများ | ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှု သို့မဟုတ် မသမာမှု ကျူးလွန်သည့်သူ တစ်ဦးအပေါ် တိုင်ကြားခြင်း၊ ဥပမာ - မဲရုံ ကိုယ်စားလှယ်က မဲရုံအတွင်း မဲဆွယ်ခြင်း၊ မဲဆန္ဒရှင်တစ်ဦးက မဲပေးပြီးသော်လည်း မဲရုံအတွင်းဆက်လက်ရှိနေပြီး မဲပေးခြင်းလုပ်ငန်းစဉ်များကို ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက်ခြင်း၊ မဲပေးခြင်းလုပ်ငန်းစဉ်များ၏ မမှန်မကန်ပြုလုပ်မှုများကို တိုင်ကြားခြင်း | သက်ဆိုင်သူမည်သူမဆို (မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ လေ့လာသူများ) | မဲရုံမှူးက ချက်ချင်း အရေးယူ ဆောင်ရွက်မည် သို့မဟုတ် သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲထံမှ လမ်းညွှန်မှု ရယူမည် သို့မဟုတ် လိုအပ်ပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့ထံ အကူအညီ တောင်းခံမည်။ | ဆောလျင်စွာ တိုင်ကြားရန်။ ရွေးကောက်ပွဲနေ့တွင် ဖြစ်ပေါ်နိုင်သော ချိုးဖောက်မှုများအတွက် ချက်ချင်း အရေးယူနိုင်ရန် တိုင်ကြားနိုင်သည်။ ဆုံးဖြတ်ချက်နှင့် လုပ်ဆောင်ချက်များကို အစီရင်ခံစာပုံစံတွင် ရေးသွင်း မှတ်တမ်းတင်ထားမည်။ | မရှိပါ။ | မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ အတွက် လုပ်ငန်းလမ်းညွှန်များ။ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူကလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အမှုစရိတ် | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| ရွေးကောက်ပွဲ နေ့မဲရုံ၊ မဲရေတွက်ခြင်း များနှင့် သက်ဆိုင် သော ချိုးဖောက် မှုများ | လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ အခန်း (၁၃) တွင် ပြဋ္ဌာန်းထားသော ပြစ်မှုများ အား ကျူးလွန်ခြင်းအပေါ် တိုင်ကြားခြင်း | သက်ဆိုင်ရာ မဲဆန္ဒနယ် တွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူ တစ်ဦးဦး၊ လွှတ်တော် ကိုယ်စားလှယ် လောင်း၊ ရွေးကောက်ပွဲ ကိုယ်စား လှယ်၊ မဲဆန္ဒနယ်အတွင်း တာဝန်ယူ ဆောင်ရွက် ရသော ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ မဲရုံ အဖွဲ့တစ်ခုခုတွင် ပါဝင်သော အဖွဲ့ဝင်။ | သက်ဆိုင်ရာ တရားရုံးများ သို့မဟုတ် သက်ဆိုင်ရာ ရဲစခန်းနှင့် ရဲတပ်ဖွဲ့ဝင်များ | ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲကျင်းပစဉ်နှင့် ရွေးကောက်ပွဲကျင်းပသော နေ့မှ (၁၅) ရက်အတွင်း | မရှိပါ။ | မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ အတွက် လုပ်ငန်းလမ်းညွှန်များ၊ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အခန်း (၁၃)၊ ပုဒ်မ ၆၅။ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူကလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အမှုစရိတ် | ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| ရွေးကောက်ပွဲ ရလဒ်အပေါ် ကန့်ကွက်ခြင်း | တရားမဲ့ပြုကျင့်မှု များကြောင့် ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသည့်အဖြစ်ကို ရောက်ရှိစေသော တရားမဝင် ကျူးလွန်မှုများအပေါ် ကန့်ကွက်ခြင်း (ဥပမာ - မဲရေတွက်သည့်လုပ်ငန်းစဉ် များတွင် မမှန်မကန် ပြုလုပ်မှုများ ရှိနေခြင်း၊ တရားမဝင်မဲဆွယ်ခြင်း၊ မမှန်မကန် ပြုလုပ်ထားသော ရွေးကောက်ပွဲ အသုံးစရိတ်အစီရင် ခံစာများ) | ယှဉ်ပြိုင်အရွေးခံသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်းမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးခဲ့သည့် မည်သည့်မဲဆန္ဒရှင်က မဆို | ရွေးကောက်ပွဲ ကန့်ကွက်လွှာကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သို့တင်သွင်းပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ရွေးကောက်ပွဲ ခုံအဖွဲ့ဖြင့် ကြားနာခြင်း | သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ (၄၅) ရက် အတွင်း | ငွေကျပ် ငါးသိန်း | ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၉၉ (ဆ)၊ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အခန်း (၁၄)၊ (၁၅)။ ပုဒ်မ ၆၈၊ ရွေးကောက်ပွဲ နည်းဥပဒေများ၊ အခန်း(၁၄)။ |
| | ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ချက် အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု လျှောက်ထားခြင်း | ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူ | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု လျှောက်ထားခြင်း | ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ချက်ချသည့်နေ့မှ (၁၅) ရက်အတွင်း | အယူခံမှု ငွေကျပ် ငါးသိန်း ပြင်ဆင်မှု ငွေကျပ် သုံးသိန်း | ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၄၀၂။ လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ ပုဒ်မ ၇၄။ ရွေးကောက်ပွဲ နည်းဥပဒေ၊ နည်း ၉၉၊ ၁၀၀။ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူကလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အမှုစရိတ် | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| ရွေးကောက်ပွဲ ကုန်ကျစရိတ် ဆိုင်ရာ | ရွေးကောက်ပွဲ ကုန်ကျစရိတ် တင်သွင်းရန် ပျက်ကွက်ခြင်း၊<br><br>သတ်မှတ်ထားသော အချိန်နှင့် ပြဋ္ဌာန်း ချက်များ အတိုင်း တင်သွင်းမှု မပြုခြင်း အရည်အချင်း ပျက်ယွင်းသူဟု မသတ် မှတ်သင့်ကြောင်း လျှောက်ထားခြင်း။ | အရည်အချင်း မပြည့်မီဟု တင်ပြခံရ သည့် ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် | အရည်အချင်းမပြည့်မီ ကြောင်း သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲက ကြော်ငြာစာ ကပ် သည့်နေ့မှ (၁၅)ရက်အတွင်း။ ကုန်ကျစရိတ် အစီရင်ခံစာနှင့် လျှောက်ထားလွှာကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်မည် ဖြစ်ကာ ရွေးကောက်ပွဲ ခုံအဖွဲ့ကို ဖွဲ့စည်း၍ မမှန်မကန် ပြုလုပ် မှုများ၊ ကုန်ကျစရိတ် အစီရင်ခံ စာနှင့်သက်ဆိုင် သည့် ကျိုးကြောင်းဖော်ပြ ချက်များကို စစ်ဆေးကြားနာ မည်။ ရွေးကောက်ပွဲခုံအဖွဲ့က အစီရင်ခံစာကို ပြုစု၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့တင်ပြရမည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် က ဆုံးဖြတ်ရမည်။ | မရှိပါ။ | လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အခန်း (၁၂)၊ ရွေးကောက်ပွဲနည်းဥပဒေ များ၊ အခန်း (၁၃)၊ နည်း ၈၂၊ ၈၃။ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူကလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အမှုစရိတ် | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| လွှတ်တော် ရွေးကောက်ပွဲ ဥပဒေများ၏ အခန်း(၁၃) တွင်ပြဋ္ဌာန်း ထားသည့် ရွေးကောက်ပွဲ ပြစ်မှုများ | လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း (၁၃) တွင် ပြဋ္ဌာန်းထားသော ပြစ်မှုများကို ချိုးဖောက်မှုများ (ဥပမာ - အယောင် ဆောင်ခြင်း၊ လာဘ်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း။) (ရဲအရေးပိုင် သည့် ပြစ်မှုများ) | မဲဆန္ဒရှင်၊ လွှတ်တော် ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ် စားလှယ်၊ ကော်မရှင် အဖွဲ့ခွဲဝင် သို့မဟုတ် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲရုံအဖွဲ့ဝင် | သက်ဆိုင်ရာ တရားရုံးများ၊ သက်ဆိုင်ရာ ရဲစခန်းများ။ | ရွေးကောက်ပွဲမကျင်းပမီ၊ ကျင်းပစဉ်နှင့် ကျင်းပပြီး (၁၅) ရက်အတွင်း | မရှိပါ။ | လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အခန်း (၁၃)၊ ရွေးကောက်ပွဲ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ။ |
| | တရားရုံး၏ ဆုံးဖြတ် ချက်အပေါ်ပြင်ဆင်မှု သို့မဟုတ် အယူခံမှု လျှောက်ထားခြင်း | ဆုံးဖြတ်ချက်ကို မကျေနပ်သူ မည်သူမဆို | စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိ သက်ဆိုင်ရာ တရားရုံး | | | ရာဇဝတ်ကျင့်ထုံး ဥပဒေ |

မှတ်ချက် - ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရွေးကောက်ပွဲကိစ္စအတွက် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက် ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ကော်မရှင်သည် မိမိ၏ဆန္ဒအလျောက် သက်ဆိုင်ရာအမှုတွဲ၊ စာရွက်စာတမ်းများကို တောင်းယူကြည့်ရှု၍ လိုအပ်သလို အဆုံးအဖြတ် ချမှတ်နိုင်သည်။ ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်